# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၁၀)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၁၂–၁၀–၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ရှုခင်းကြည့်တောင်ကုန်းများ၌ ပုဂံဒေသနေဝင်ဆည်းဆာကြည့်သူများဖြင့် စည်ကားခဲ့

ညောင်ဦး အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း သီတင်းကျွတ်ရုံးပိတ်ရက်ကာလ လေးရက်အတွင်း ရှုခင်းကြည့်တောင်ကုန်းများတွင် မြန်မာပြည်အရပ်ရပ်မှလာရောက်သည့် ခရီးသွားဘုရားဖူးများ ကြိတ်ကြိတ်တိုးကြည့်ရှုခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ လေ့လာရေးလာရောက်သူများနှင့် ဘုရားဖူးပြည်သူများသည် အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှိအထင်ကရဘုရားများ၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများအား ဖူးမြော်လေ့လာကြသည်။ ထိုသို့လာရောက်ကြသူများသည် ညနေပိုင်းတွင် ရှုခင်းကြည့်တောင်ကုန်းများဖြစ်သည့် ညောင်လက်ဖက်ကန် ရှုခင်းကြည့်တောင်ကုန်း၊ ဖိုးမောက်ကြီး ရှုခင်းကြည့်တောင်ကုန်း၊ စာမျက်နှာ ၃ သို့ ✻



# ကျောက်မဲမြို့၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့ကို အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထု၏ လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၂

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၃ ရက် ၊ တနင်္လာနေ့ ။

## စိမ်းလန်းစိုပြည်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိ

သစ်တောသစ်ပင်များသည် လူသားများအတွက် စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတကောင်းမွန်ရေးနှင့် အပန်းဖြေနားနေရာအဖြစ်သာမက ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဂေဟစနစ်မျှတရေးအတွက်လည်း မရှိမဖြစ် အရေးကြီးပါကြောင်း၊ မင်းဘူးခရိုင်အတွင်း ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သစ်တောဖုံးလွှမ်းမှု ၁ ဒသမ ၁၉ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ကျေးရွာသုံး ထင်းစိုက်ခင်းများတည်ထောင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပွင့်လင်းရာသီများတွင်ဖြစ်တတ်သော မီးလောင်ကျွမ်းမှုများကြောင့် လေထုထဲသို့ မီးခိုးမြူငွေ့များအဖြစ် ပျံ့နှံ့စေပြီး လူသားများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါကြောင်း၊ မီးခိုးမြူငွေ့များ ဖြစ်ပေါ်စေတတ်သော Fire Hotspot များ လျော့နည်းစေရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီက အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မန်းရေနံမြေ လုပ်သား အပန်းဖြေရိပ်သာတွင် မန်းရေနံမြေမှ ဝန်ထမ်းများ၊ ဒေသခံများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရာတွင်ပြောကြားခဲ့သည်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အပူပိုင်းသစ်တောထိန်းသိမ်းရေးအတွက် သစ်တောများ၏အရေးပါမှု၊ မြန်မာနိုင်ငံအပူပိုင်းဒေသဂေဟစနစ်၊ သဲကန္တာရ၊ တောမီးနှင့် မီးခိုးမြူငွေ့ဖြစ်ပွားမှု၊ သစ်တောထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆောင်ရွက်နေမှုနှင့် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စကုမြို့ရှိ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်၍ မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ၏ ကွင်းဆင်းဆေးကုသမှုပေးနေမှုကို ကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမတွင်လည်းကောင်း၊ မင်းဘူးမြို့ရှိ မင်းဘူးဦးညိုဘာသ မြို့တော်ခန်းမတွင်လည်းကောင်း ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့ လျော့ချရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်တို့၏ တန်ဖိုးကို သိရှိနားလည်ပြီး နောင်အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောရာသီဥတုကို လက်ဆင့်ကမ်းပေးသွားနိုင်ရေးအတွက် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ဟူသော ဆောင်ပုဒ်နှင့်အညီ အားလုံးပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ မိသားစု ၁၃၆ ကြိမ်မြောက် ဘုံဆွမ်းလောင်း ကုသိုလ်ပြု



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက ၁၃၆ ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားဂေါ်ရခါးသီးချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော် သံဃာတော် အပါး ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင်၍ ဆွမ်းနှင့်ဆွမ်းဟင်းများလောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော် သံဃာတော်များအား ကြွရောက် အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

## ချမ်းအေးသာစံမြို့နယ်တွင် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**မန္တလေး အောက်တိုဘာ၁၂**

၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံစေရန်အတွက် ရည်ရွယ်ကာ မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ(၁၁)ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့သည်။

မြို့နယ်အဆင့် စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ရာ Grade 5 မှGrade 9 အထိ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၆၃ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၇၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်နှင့် တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(ဓါတ်ပုံ)

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်ထံမှ သိရသည်။

(ချမ်းမြေ့မောင်)

## ကျောက်ဆည်မြို့နယ် ရပ်ကွက်/ကျေးရွာများ၌ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းအနေဖြင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲရာ၌ အထောက်အကူပြုစေရန်အတွက် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်နှင့် ခတက်ကုန်းကျေးရွာများ၌ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာ၌ မင်းရပ်ရပ်ကွက် ပြည်သူများအတွက် ဒေါ်စန်းစန်းဌေး နေလသုခ-၂ စားသုံးဆီ လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ စားအုန်းဆီ ၁၃၂၀ ပိဿာကိုလည်းကောင်း၊ ခတက်ကုန်းကျေးရွာ ပြည်သူများအတွက် ဒေါ်သီတာ စစ်ငြိမ်းစား သုံးဆီ လက်လီလက်ကား ရောင်းဝယ်ဆိုင်မှ စားအုန်းဆီ ၁၁၀ ပိဿာ အသီးသီးရောင်းချပေးခဲ့ကြောင်းသိရှိရပြီး ရောင်းချရာ၌ ၁ ပိဿာ ငွေ ၇၇၂၀ ကျပ်နှုန်းဖြင့် မိသားစုတစ်စုလျှင် ဆီ ၂ ပိဿာနှုန်း ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

၀-၀-၀-၀-၀

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

Special Olympics Myanmar(Mandalay)မှ ကြီးမှူး၍ ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပသည်။

အားကစားလှုပ်ရှားခြင်းဖြင့် ရပ်ရွာလူထုပတ်ဝန်းကျင် အသိုင်းအဝိုင်းမှလက်ခံ၍ တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများဖြစ်လာနိုင်ရေးအခွင့်အလမ်းများကို ဉာဏ်ရည်မမီသူများ ရရှိစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ ဉာဏ်ရည်မမီသူ ၇၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တာဝန်ရှိသူများက ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း၊ အဆိုပါ ပြိုင်ပွဲသို့ Special Olympics Myanmar (Mandalay)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အုပ်ထိန်းသူမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။

### ပေါင်းစပ်ဖြေရှင်း

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ ထင်ရှားသည့် တောင်ပေါ်အပန်းဖြေခရီးစဉ် နေရာတစ်ခုဖြစ်သည့်အပြင် အေးမြသော ရာသီဥတုနှင့်အတူ ပွင့်လန်းနေသည့် ပန်းမန်များ၊ သာယာလှပသည့် တောတောင်ရေမြေသဘာဝအလှအပများ၊ တန်ခိုးကြီး သမိုင်းဝင်စေတီများ၊ ဒေသအစားအစာ အမှတ်တရလက်ဆောင်ပစ္စည်းများသည် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ခရီးသွားဆွဲဆောင်မှုများဖြစ်ပါကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း (Cultural Tourism)၊ ဘာသာရေးခရီးသွားလုပ်ငန်း (Religious Tourism)၊ အနုပညာနှင့် ခရီးသွားလုပ်ငန်း (Art and Education)၊ အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sport Tourism)၊ စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism)၊ ကျန်းမာရေးနှင့် အနားယူခရီးသွားလုပ်ငန်း (Health and Wellness Tourism)၊ သမိုင်းအမွေအနှစ်ခရီးသွားလုပ်ငန်း (Heritage Tourism)၊ လယ်ယာနှင့် တောင်သူဦးကြီး အခြေပြုခရီးသွားလုပ်ငန်း (Agro Tourism) များ ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းများကို မိမိတို့ ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိအောင် အသုံးချရန် လိုအပ်ပါကြောင်း မှာကြားပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ Hotel Akimomi နှင့် ရွှေနန်းထိုက်ဟိုတယ်တို့ကို သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်း/အားကစားရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများနှင့် ပြည်သူများကို သွားရောက်တွေ့ဆုံပြီး လတ်တလော နေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ ကျောက်မဲမြို့မှ

ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင် လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



### ဆောင်ရွက်ပေးလျက်ရှိ

ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၂ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာ သုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



* ရှေ့ဖုံးမှ

မင်းနန်သူကျေးရွာအနီးရှိ လေးထောင့်ကန်ရှုခင်းကြည့်တောင်ကုန်း၊ အရှေ့အိုးထိန်းကုန်း၊ အနောက်အိုးထိန်းကုန်းတို့မှ ပုဂံရှေးဟောင်းဘုရားများ၊ ဧရာဝတီမြစ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ တန့်ကြည့်တောင်တန်းနောက်ခံ နေဝင်ဆည်းဆာကြည့်ရှုကြရန် ရှုခင်းကြည့်တောင်ကုန်းများတွင် ညနေ ၄ နာရီမှစတင်၍ နေရာယူကာ နေလုံးကြီး တဖြည်းဖြည်း တန့်ကြည့်တောင်တန်းပေါ်မှ ပျောက်ကွယ်သည်အထိကြည့်ရှုခဲ့ကြသည်။ ရှုခင်းကြည့်တောင်ကုန်းများပေါ်မှ ပုဂံရှေးဟောင်းရှုခင်းများ နောက်ခံထားဓာတ်ပုံရိုက်ကြခြင်း၊ ဗီဒီယိုရိုက်ကြခြင်းများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းက ပြောကြားသည်။

ဒီပါလင်း

တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၇၆ ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၉
(၂) ၀၆၃-၂၀၂၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေး၊ မန်းအောင်ဆွေလင်း အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် ဆက်စပ်ပစ္စည်းများ မန္တလေးမြို့သို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ စစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ဆက်စပ်ပစ္စည်းများ လုံခြုံစိတ်ချပြီး ပျက်စီးမှုများမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး၊ အထူးဂရုစိုက်ကြပ်မတ်ထိန်းသိမ်းသွားရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး စက်ပစ္စည်းများ နေရာချ စီစဉ်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တွင် ကျင်းပသည့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မန်းအောင်ဆွေလင်းအသင်းနှင့် မျိုးဆက်သစ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မန်းအောင်ဆွေလင်းအသင်းက ၃ ပွဲ၊ ၁ ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများက စပေးဘောဆု၊ ဆယ်မဆု၊ ပင့်ထောင်ဆု၊ ရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ အားကစားသမားအကောင်းဆုံးဆု ရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့်တတိယဆုရရှိသည့် အသင်းအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရရှိသည့်အသင်းအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀ တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသည့် မန်းအောင်ဆွေလင်းအသင်းအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)





## Grade-12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်နှင့်ပတ်သက်၍ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

မန္တလေးတက္ကသိုလ်မှ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်နှင့်ပတ်သက်၍ မိတ်ဆက်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ရေဝတီခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဒေါက်တာ သီတာဝင်းက မြန်မာစာဘာသာရပ်အားလည်းကောင်း၊ အင်္ဂလိပ်စာဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာ ရောင်ခြည်ဦးက အင်္ဂလိပ်စာ ဘာသာရပ်အားလည်းကောင်း၊ ပထဝီဝင်ပညာဌာန ပါမောက္ခ ဒေါက်တာလှကြည်က ပထဝီဝင်ဘာသာရပ်အားလည်းကောင်း၊ သမိုင်းပညာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာ ရွှေသဇင်က သမိုင်းဘာသာရပ်အားလည်းကောင်း၊ ဒဿနိကဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ နုနုလွင်က ဒဿနိကဘာသာရပ်အားလည်းကောင်း၊ အရှေ့တိုင်းပညာဌာန ပါမောက္ခ ဒေါက်တာ ထွေးထွေးကျော်က အရှေ့တိုင်းဘာသာရပ်အားလည်းကောင်း၊ ခရီးသွားနှင့် ဧည့်ဝန်ဆောင်မှုပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ သက်သက်ခိုင်က ခရီးသွားနှင့် ဧည့်ဝန်ဆောင်မှု ဘာသာရပ်နှင့် စသည့် အခြားသော ဘာသာရပ်အသီးသီးတို့အားလည်းကောင်း မိတ်ဆက်ခဲ့ကြရာ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



(ခရိုင်-ပြန်/ဆက်)

## " နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ " မြေစိုက်ပိုစတာစိုက်ထူ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၈၆ လမ်း၊ ၁၉ လမ်းထောင့်၊ ညောင်ပင်ဈေးရှေ့ရှိ လမ်းဆုံ၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ " နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ " မြေစိုက်ပိုစတာစိုက်ထူပွဲကို အောက်တိုဘာ ၁၁ ရက်၊ နံနက် ၁၁ နာရီက အဆိုပါလမ်းဆုံတွင် ကျင်းပသည်။



မြေစိုက်ပိုစတာစိုက်ထူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့်မြို့နယ်ကော်မတီဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကံဌွေးနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထက်နှင့်ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက အလျားပေ ၁၀×အနံ ၆ ပေရှိ "၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ " စာသားနှင့် လွှတ်တော်သုံးရပ် ဆန္ဒမဲနမူနာ လက်မှတ်ပုံများပါ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာဆိုင်းဘုတ်အား စိုက်ထူခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

# လောကကို အလှဆင်သော တရားနှစ်ပါး

မြင်းခြံကျော်အောင်

တစ်ရံရောအခါ 'မာဂဓတိုင်းစမ္ပာ' အမည်ရှိ မြို့ငယ်မှ အဂ္ဂရာရေအိုင်အနီးတွင် မြတ်စွာဘုရားရှင် ခေတ္တသီတင်းသုံးနေတော်မူသည်။ ထိုစဉ် ဗြာဟ္မဏလူမျိုးများ၏ အကြီးအမှူးစမ္ပာမြို့၏ အကြီးအကဲဖြစ်သော သောဏဒဏ္ဍအား မြတ်စွာဘုရားရှင်က မြင့်မြတ်သော ဗြာဟ္မဏတစ်ဦးဖြစ်ရန် လိုအပ်သော အရည်အချင်းများကို မေးမြန်းခဲ့သည်။ ထိုအခါ သောဏဒဏ္ဍက မျိုးရိုးကို စောင့်ထိန်းခြင်း၊ ဝေဒကျမ်းတတ်မြောက်ခြင်း၊ ရုပ်ရည်ချောမောခြင်း၊ ကိုယ်ကျင့်သီလကောင်းခြင်းနှင့် အမှားအမှန် ခွဲခြားတတ်သည့် ဉာဏ်ပညာရှိခြင်းတည်းဟူသော အရည်အချင်းငါးမျိုး လိုအပ်သည်ဟု ဖြေကြားခဲ့သည်။

မြတ်စွာဘုရားရှင်က မဖြစ်မနေ ရှိသင့်သည့် အရည်အချင်းနှစ်ခုကိုသာ လျှောက်ထားရန် ပြောကြားရာ ကိုယ်ကျင့်သီလကောင်းခြင်းနှင့် အမှားအမှန်ခွဲခြားတတ်သည့် ဉာဏ်ပညာရှိခြင်းတည်းဟူသော အရည်အချင်းနှစ်မျိုးမှာ မဖြစ်မနေရှိသောသူသာ ဗြာဟ္မဏဖြစ်နိုင်ကြောင်း လျှောက်ထားခဲ့သည်။

**မြတ်စွာဘုရားကလည်း ကိုယ်ကျင့်သီလကောင်းခြင်းနှင့် ဉာဏ်ပညာရှိခြင်းတို့သည် အကြီးအမှူးတစ်ဦးဖြစ်ရန်၊ မြင့်မြတ်သူတစ်ဦးဖြစ်ရန်အတွက် လိုအပ်သော အရည်အချင်းဖြစ်ရုံသာမက လောကကို အလှဆင်သော တရားနှစ်ပါးလည်း ဖြစ်သည်ဟု ဟောကြားခဲ့သည်။**

ထို့ကြောင့် ဗုဒ္ဓမြတ်ဘုရား၏ တရားတော်အရ ကိုယ်ကျင့်သီလကောင်းခြင်းနှင့် အမှားအမှန်ကို ခွဲခြားတတ်သည့် ဉာဏ်ပညာရှိခြင်းတို့သည် လောကအား အလှဆင်သော တရားနှစ်ပါးဖြစ်သည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားနေပေတော့သည်။

ယနေ့ မြန်မာ့လူ့ဘောင်လောကကြီးကို ပြန်လည်ကြည့်ကြပါစို့၊ လှပနေပါသလား၊ အရုပ်ဆိုး အကျည်းတန်နေပါတော့သည်။

မြန်မာ့လူ့ဘောင်လောက လှပစေရန် ကျွန်တော်တို့ တစ်ဦးချင်းမှစပြီး လူ့ဘောင်လောကရှိ လူတိုင်းက ဝိုင်းဝန်းကြိုးပမ်းကြရမည်မှာ အသေအချာဖြစ်ပါသည်။ ဤအရည်အချင်းနှစ်ရပ်အား တစ်ဦးချင်းအနေဖြင့် ကြိုးပမ်းပါက တစ်ဦးချင်းအနေဖြင့် အကြီးအမှူးဖြစ်ပါမည်။ မြင့်မြတ်သူဖြစ်ပါသည်။ ပြည်သူအားလုံး ဤအရည်အချင်းနှစ်ရပ်နှင့် ပြည့်စုံအောင် ကြိုးပမ်းနိုင်ပါလျှင် မြန်မာပြည်သူများ၏ လောကလှပတင့်တယ်မည်မှုချမသွေဖြစ်ပါမည်။ ပထမဦးစွာ ကိုယ်ကျင့်သီလကောင်းခြင်းတည်းဟူသော အရည်အချင်းအား ဆွေးနွေးပါမည်။

### ကိုယ်ကျင့်သီလကောင်းခြင်း

လူတို့၏ ခါးဝတ်ပုဆိုးပမာ မြဲရမည့် ကိုယ်ကျင့်သီလမှာ ငါးပါးရှိပါသည်။ ပထမမှာ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဒုတိယ သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက်လုယက်ယူငင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တတိယ သူ့အိမ်ရာ သားမယားလင်ယောက်ျားအား ခိုးယူပေါင်းသင်းခြင်း၊ ကာမဂုဏ်မှုကို မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စတုတ္ထ မဟုတ်မမှန်ပြောဆိုလုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပဥ္စမ မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက် မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးဆောင်ခြင်းမှ ရှောင်ကြဉ်ကြခြင်းတို့ ဖြစ်ကြပါသည်။ ဤကံငါးပါးကို ရှောင်ကြဉ်ခြင်းဖြင့် တစ်ဦးချင်းမှစပြီး တစ်လောကလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါမည်။

ထို့ထက် ချမ်းသာသုခ ခံစားရချင်ပါလျှင် ကိုးပါးသီလအား ဥပုသ်တိုင်း မပျက်မကွက် စောင့်ထိန်းရပါမည်။ အထက်ဖော်ပြပါ ငါးပါးသီလအပြင် ဆဋ္ဌမအနေဖြင့် နေ့လွဲညစာ စားသုံးခြင်းအား ရှောင်ကြဉ်ခြင်း၊ သတ္တမအနေဖြင့် ဆိုကရေးတီး ပြုလုပ်ခြင်း၊ နားဆင်ခြင်း၊ ကြည့်ရှုခြင်းအား ရှောင်ကြဉ်ခြင်း၊ ပန်းပန်မှုပြုလုပ်ခြင်း၊ နံ့သာလိမ်းခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဋ္ဌမအနေဖြင့် မြင့်သောနေရာ၊ မြတ်သောနေရာ၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်းအား ကျင့်ရပါမည်။ နဝမအနေဖြင့် မေတ္တာစိတ်အား အစဉ် ပွားများရပါမည်။ ကိုးပါးသီလကျင့်သောအခါ ငါးပါးသီလပါ ကာမဂုဏ်မှုအား လွဲမှားစွာ ပြုကျင့်ခြင်းအား ရှောင်ကြဉ်ရပြီး ထိုအစား မေထုန်မှီဝဲခြင်းအား ရှောင်ကြဉ်ရပါမည်။

ဤသီလများအား ဆောက်တည်ခြင်းဖြင့် တစ်ဦးချင်းလည်း ချမ်းသာ၊ ကျန်းမာ၊ စီးပွားဥစ္စာများ တိုးတက်ပါမည်။ လောကကြီးလည်း လှပသာယာမည် အမှန်ဧကန်ဖြစ်ပေမည်။ ချမ်းသာအစစ်အမှန်ရရှိရေးအတွက် အာမခံချက်ပေးပါသည်။ မြန်မြန်ချမ်းသာစေသောနည်းလည်း ဖြစ်ပါသည်။

### အမှား၊ အမှန် ခွဲခြားတတ်သည့် ဉာဏ်ပညာရှိခြင်း

ဤခေါင်းစဉ်ပါ အရည်အချင်းသည် လောကကြီးလှပစေသော ဒုတိယအရည်အချင်း ဖြစ်ပေသည်။ ကမ္ဘာပေါ်ရှိ အတွေးအခေါ်ပညာရှင်များကလည်း ဤလောကကြီးရှိ လူအားလုံးတွင် အကြီးအကျယ်ဆုံးရှိရမည့်ပညာမှာ အမှား၊ အမှန် ခွဲခြားတတ်သည့် ဉာဏ်ပညာရှိခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို စာရေးသူ လေ့လာတွေ့ရှိရပါသည်။

ဤဉာဏ်ပညာသည် ကျောင်းပညာအထွတ်အထိပ်ထိရောက်အောင် တတ်မြောက်ခြင်းနှင့်လည်း မသက်ဆိုင်၊ ရာထူးဌာနန္တရ မြင့်မြင့်မားမားတွင် ရပ်တည်နေရခြင်းနှင့်လည်း မပတ်သက်၊ အတတ်ပညာကို တစ်ဖက်ကမ်းခပ်တတ်နေလှခြင်းနှင့်လည်း မနီးနွယ်ပေ။ သို့သော် ဗဟုသုတပညာပြည့်စုံခြင်းနှင့် မိမိကိုယ်ကျင့်သီလပြည့်စုံကောင်းမွန်ခြင်းနှင့်မူ လုံးဝသက်ဆိုင်နေပေသည်။

အမှား၊ အမှန် ခွဲခြားတတ်သည့် ပညာရှိခြင်းနှင့် ပတ်သက်၍ အနည်းငယ်စီ တင်ပြပါမည်။

### စိတ်ကောင်းရှိရေးသည် ပထမ

စိတ်ကောင်းတွင် သဒ္ဓါ-ဘုရား၊တရား၊သံဃာ ရတနာသုံးပါးအား ယုံကြည်ခြင်း၊ လေးစားခြင်း၊ မြတ်ဘုရား၏ တရားတော်များအတိုင်း နေထိုင်ခြင်း၊ သတိအမြဲမပြတ်အောက်မေ့ အမှတ်ရနေခြင်း၊ သတိတရား အစဉ်လက်ကိုင်ထားခြင်း၊ ဟိရီ-မကောင်းမှု ပြုရန် ရှက်ခြင်း၊ ဩတ္တပ္ပ-မကောင်းမှု ပြုရန် ကြောက်ခြင်း၊ အလောဘ-မလိုချင်ခြင်း၊ အဒေါသ-မကြမ်းတမ်းခြင်းတည်း ဟူသော စိတ်ကောင်းစိတ်မြတ်များ ပါဝင်သည်။

စိတ်ကောင်းရှိခြင်းဖြင့် အတွေးအခေါ် မှန်ကန်ပါမည်။ အမှားကို အမှားဟု ပြတ်ပြတ်ထင်ထင် ရှုမြင်သည်။ အမှန်ကို အမှန်ဟု ကြည်ကြည်လင်လင် သိမြင်သည်။ သို့ဖြင့် အမှားကင်းအောင် လုပ်တော့သည်။ ချမ်းသာသုခ ခံစားရသည်။ အကြီးအမှူး ဖြစ်တော့သည်။

### နှုတ်မှုရေးရာ အမှား၊ အမှန် ခွဲခြားတတ်သော ပညာရှိခြင်း

စိတ်ကောင်းအခြေခံရှိသူသည် နှုတ်ဖြင့် အမှားများကို ရှောင်ကြဉ်နိုင်သည်။ နှုတ်မှု အမှားများမှာ ယုတ်ညံ့သော စကားပြောခြင်း၊ ရိုင်းစိုင်းခက်ထန်သော စကားဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ပြတ်ပြတ်သားသား ငြင်းဆိုခြင်း၊ အသံကျွာကျင်း စကားဖျင်းများ ပြောခြင်း၊ လွှသွားပမာ မခံသာအောင် ဆိုခြင်း၊ ကုန်းတိုက်ခြင်းများ ဖြစ်ကြပေသည်။ မမှန်ကန်သောစကားလည်း ပါဝင်သည်။

နှုတ်မှုအမှန်များမှာ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုခြင်း၊ အဆင်ပြေချောမွေ့သော စကားဆိုခြင်း၊ အားတတ်စေသော စကားပြောခြင်း၊ နှုတ်၏ဆောင်မသော စကားပြောခြင်း၊ မင်္ဂလာရှိသော စကားပြောခြင်းတို့ ဖြစ်ပေသည်။ ကတိတည်ခြင်းလည်း ပါဝင်သည်။

အမှားစကားရှောင်ရှားပြီး အမှန်စကား၊ သာယာနာပျော်ဖွယ်စကား ပြောဆိုသောအခါ ကြားရသူနားတွင် ပျားသကာကဲ့သို့ ချိုတော့သည်။ သာယာနာပျော်ဖွယ်ဖြစ်ပြီး အားတတ်တော့သည်။

ဤသို့ဖြင့် လောကကြီးမှာ သာယာလှပပေတော့သည်။

### ကိုယ်အမှုအရာ အမှား၊ အမှန် ခွဲခြားတတ်သော ဉာဏ်ပညာရှိခြင်း

ဤအပိုင်းသည် အထူးအရေးကြီးသော အပိုင်း ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်စီမံရေး စသည်တို့တွင် ပြစ်မှုကြီးများ ဖြစ်ပွားခြင်းသည် ဤအပိုင်းတွင် အကျုံးဝင်သည်။ အရင်းခံအကြောင်းမှာ စိတ်တွင် အမှား၊ အမှန် ခွဲခြားတတ်သည့် ပညာမရှိခြင်း၊ ရှိလျှင်လည်း မရင့်ကျက်ခြင်းကြောင့် ဖြစ်ရသည်။ အာဏာရရှိလာသည့်အခါ စိတ်မရင့်ရာမှ ဘဝင်မြင့်တော့သည်။ သတိလက်လွှတ်တော့သည်။ ထိုအခါ အမှားပြောတော့သည်။ နောက် အမှားလုပ်တော့သည်။ ကာယကံမြောက် မှားတော့သည်။ ဤသည်ကား အရိုးရှင်းဆုံး သာဓကတစ်ခု ထင်ဟပ်ပြခြင်း ဖြစ်သည်။စိတ်ကောင်းမမွေးနိုင်ကြသဖြင့် လူတို့ ခါးဝတ်ပမာမြဲရမည့် ငါးပါးသီလပါ ရှောင်ကြဉ်ဖွယ်ရာများအား လွန်ကျူးတော့သည်။

ယနေ့လူ့ဘောင်လောကကြီးတွင် ဖြစ်ပွားနေသော ကာယကံမြောက် အမှားများသည် ငွေနှင့်ပစ္စည်း ရလိုမှုအား အရင်းခံနေပေသည်။ မောဟ-မသိတတ်ခြင်း၊ အဟိရိက-မရှက်ခြင်း၊ အနောတ္တပ္ပ-မကြောက်လန့်ခြင်း၊ ဒိဋ္ဌိ-မှားမှားယွင်းယွင်း သိမြင်ခြင်း၊ မာန-ထောင်လွှားခြင်း၊ ဒေါသ-ကြမ်းတမ်းခြင်း၊ ဣဿာ-ငြူစူခြင်း၊ မနာလိုခြင်းတို့သည် အရုံအကြောင်း မှားယွင်းသော အရုံအကြောင်းများသာ ဖြစ်ကြပေသည်။

ထို့ကြောင့် ကိုယ်ကျင့်သီလမကောင်းလျှင်၊ အမှားအမှန်ကို ခွဲခြားသိတတ်သော ဉာဏ်မရှိလျှင် တစ်ဦးချင်းမှစပြီး လောကကြီးတစ်ခုလုံးသည် စီးပွားဥစ္စာများ ဆုတ်ယုတ်ကြပါမည်။ မကောင်း သတင်းကျော်စောခြင်း ဖြစ်ကြပါမည်။ ပရိသတ်အလယ်၊ ကမ္ဘာ့နိုင်ငံများအလယ် ညှိုးငယ်ရပါမည်။ စားဝတ်နေရေး၊ လူမှုရေးကိစ္စအဝဝ ဆင်းရဲကြပါမည်။ ဒုက္ခအလီလီ ခါးစည်းခံကြရပါမည်။

မြန်မာ့လူ့ဘောင်လောကကြီး လှပစေရန် ကိုယ်ကျင့်သီလကောင်းကြခြင်းနှင့် အမှား၊အမှန် ခွဲခြားတတ်သော ဉာဏ်ပညာရှိခြင်းတည်းဟူသော အရည်အချင်းနှစ်ရပ် ပန်ဆင်ရန် မပျက်မကွက် ဆောင်ရွက်ကြပါစို့ဟု အကျိုးမျှော်ကာ နှိုးဆော်အပ်ပါသည်။

**လောကကြီး သာယာလှပပါစေ။**

**ကိုးကား – ဗုဒ္ဓဘာသာ တရားတော် (အခြေခံ)**

**သာသနာရေးဝန်ကြီးဌာန**

စိတ်ကောင်းတွင် သဒ္ဓါ-ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ယုံကြည်ခြင်း၊ လေးစားခြင်း၊ မြတ်ဘုရား၏ တရားတော်များအတိုင်း နေထိုင်ခြင်း၊ သတိအမြဲမပြတ်အောက်မေ့အမှတ်ရနေခြင်း၊ သတိတရား အစဉ်လက်ကိုင်ထားခြင်း၊ ဟိရီ-မကောင်းမှုပြုရန် ရှက်ခြင်း၊ ဩတ္တပ္ပ-မကောင်းမှုပြုရန် ကြောက်ခြင်း၊ အလောဘ-မလိုချင်ခြင်း၊ အဒေါသ-မကြမ်းတမ်းခြင်းတည်းဟူသော စိတ်ကောင်းစိတ်မြတ်များ ပါဝင်သည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Stranger Things အင်္ဂလိပ်ဘာသာစကားအတွက် အထောက်အကူဖြစ်ခဲ့

နက်ဖလစ်၏ Stranger Things ဇာတ်လမ်းတွဲသည် စိတ်လှုပ်ရှားစရာ သိပ္ပံဇာတ်လမ်းဖြစ်ပြီး သည်းထိတ်ရင်ဖိုခံစားမှုနှင့် ဖြူစင်သည့် သူငယ်ချင်းသံယောဇဉ်သာမက အင်္ဂလိပ်ဘာသာစကားသင်ယူရန် အခွင့်အရေးကောင်းတစ်ခု ပေးစွမ်းခဲ့ကြောင်း ယောလိဗ်ဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲကို ၁၉၈၀ ပြည့်နှစ် အမေရိကန်နိုင်ငံ စိတ်ကူးယဉ်မြို့ငယ်လေးတစ်ခုဖြစ်သည့် Hawkins တွင် အခြေတည်ထားကာ ကောင်လေးတစ်ဦး ရုတ်တရက်ပျောက်ဆုံးမှုနှင့် စတင်ထားသည်။

ကောင်လေးပျောက်ဆုံးမှုအတွက် မိခင်နှင့်သူငယ်ချင်းများနှင့် မြို့မှတာဝန်ရှိသူများက ရှာဖွေကြရာမှ အစိုးရ၏လျှို့ဝှက်စမ်းသပ်မှုများ၊ ထူးခြားသည့် စွမ်းအင်ပိုင်ဆိုင်ထားသည့် မိန်းကလေးတစ်ဦးနှင့် Upside Down ဟုခေါ်သည့် ကြောက်မက်ဖွယ်ရာကမ္ဘာအကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ မျိုးဆက်သုံးဆက်ဇာတ်ကောင်များပါဝင်ပြီး အင်္ဂလိပ်ဘာသာစကားအသုံးအနှုန်းများကသဘာဝကျ၍ သင်ယူလေ့လာနိုင်စရာဖြစ်ခဲ့သည်။

(SKY)

## Adolescence စီးရီးမှ Jamie Miller ၏ ရင်ဖွင့်စကားပြောကြားရ

အသက်အငယ်ဆုံး Emmy ဆုရှင်ဖြစ်လာသည့် Adolescence စီးရီးမှ ဂျေမီမိုင်လာ၏ ကျေးဇူးတင်စကားတွင် ရင်ဖွင့်စကားပြောကြားခဲ့ကြောင်း ယောလိဗ်ဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အမ်မီဆုပေးပွဲ၏ စင်မြင့်ပေါ်တွင် ဂျေမီမိုင်လာက ရင်ဖွင့်ကျေးဇူးတင်စကားပြောကြားခဲ့ရာ အသက် ၁၂ နှစ်မှစ၍ သူ့ဇာတိနှင့် မိုင် ၂၀ ဝေးသည့် မန်ချက်စတာမြို့တွင် အပတ်စဉ် သရုပ်ဆောင်သင်တန်းတက်ခဲ့ကြောင်း သရုပ်ဆောင်အတန်းစတက်စဉ်က အမေရိကန်မြေပေါ်ရောက်ရန် ဝေးစွ၊ ကိုယ်နေရာသည့်နေရာမှ ရုန်းထွက်ကြည့်လျှင် ဘဝ၌ ဘာမဆို အထမြောက်နိုင်ကြောင်း လွန်ခဲ့သောသုံးနှစ်က ဘာမှမဟုတ်သူက ရုပ်သံအကယ်ဒမီဆု စင်မြင့်ပေါ်ရောက်နေသည်မှာ သက်သေဖြစ်ကြောင်း ပြောကြားသွားသည်။

ဂျေမီမိုင်လာသည် သရုပ်ဆောင်ဖြစ်ရန် စိတ်အားထက်သန်ခဲ့ပြီး ယင်းစီးရီးလူရွေးပွဲတွင် လူရာကျော်ကို ဖြတ်ကျော်အရွေးခံရပြီး ပွဲဦးထွက်ရုပ်ရှင်နှင့် စံချိန်သစ်တင်ခဲ့ကာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုံတင်ပြသမည့် Wuthering Heights တွင် ပါဝင်ထားသည်။

(SKY)





## နီကိုတီနမ်မိုက်ဒ်ဆေးဝါး ပုံမှန်သောက်သုံးလျှင် အရေပြားကင်ဆာအချို့ကို ကာကွယ်ပေးနိုင်

မကြာသေးမီကထုတ်ဝေခဲ့သော သုတေသနအသစ်များအရ ဗီတာမင် ဘီ-၃ အမျိုးအစားဖြစ်သည့် နီကိုတီနမ်မိုက်ဒ်သည် အရေပြားကင်ဆာအချို့ကို ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရသည်။

သုတေသီများသည် အမေရိကန်စစ်မှုထမ်းဟောင်း ၃၃,၈၂၂ဦး၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာရာမှ နီကိုတီနမ်မိုက်ဒ် (တစ်နေ့လျှင် နှစ်ကြိမ် ၅၀၀ မီလီဂရမ် ၃၀ ရက်ထက်ပို၍) သောက်သုံးသူများသည် အခြားဆေးဝါးမသောက်သုံးသူများနှင့် နှိုင်းယှဉ်ပါက အရေပြားကင်ဆာအသစ် ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နီကိုတီနမ်မိုက်ဒ်သည် ဗီတာမင် ဘီ-၃၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဇီဝဗေဒအရ ၄င်းသည် မျိုးရိုးဗီဇ၏ ရွေ့ပြေးဖြစ်ပြီး ဆဲလ်စွမ်းအင်ထုတ်လုပ်မှုနှင့် ဒီအင်န်အေပြန်လည်ပြုပြင်ခြင်းတွင် ပါဝင်သည့် အစိတ်အပိုင်းဖြစ်သည်။

ယခင်ဓာတ်ခွဲခန်းနှင့် ဆေးခန်းဆိုင်ရာ သုတေသနပြုချက်များအရ နီကိုတီနမ်မိုက်ဒ်သည် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့ပြီးနောက် မျိုးရိုးဗီဇပြန်လည်ပြုပြင်ခြင်းကို အားကောင်းစေနိုင်ပြီး ခရမ်းလွန်ရောင်ခြည်ကြောင့် ဖြစ်ပေါ်လာသည့် ကိုယ်ခံအားစနစ် အားနည်းခြင်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## Jimin က အမေရိကန်ဂီတလောကတွင် Beside သီချင်းနှင့် လူကြိုက်များနေ

ရှင်သန်ရန်ခက်ခဲသော USA Chart တွင် ဂျီမင်က Beside သီချင်းနှင့် လူကြိုက်များမှုရနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီမင်၏ သီချင်းများသည် ဝင်ရခက်ခဲသော၊ ကြာရှည်စွာ ရပ်တည်ရန်ခက်ခဲသည့် Spotify USA Chart တွင် Beside သီချင်းသည် အဆင့် (၁၈၉)တွင် ဆက်လက်ရပ်တည်နေသည်။

သူ၏ဂီတ Who မှာ အဆင့် ၅ ဒသမ ၂ နှင့်စထွက်စဉ်ကပင် လက်ရှိအချိန်ထိ တစ်နှစ်နီးပါး ရပ်တည်နေဆဲဖြစ်ပြီး Beside Track က အစ Chart ဝင်နေသည်မှာ သူ၏ဂီတစွမ်းရည်၊ အကစွမ်းရည်တို့ကြောင့်ဖြစ်ကြောင်း ဂီတပါရမီရှင်တစ်ဦးဖြစ်၍ ဂီတနှင့်ပတ်သက်လျှင် မီဂါစူပါစတားအဖြစ် သတ်မှတ်ခံထားရသည်။

(SKY)



## Jung Kook ၏ Calvin Klein ဖက်ရှင်စတိုင်လ်ကို ထိုင်းသတင်းထောက် မျှဝေပေးထား

နယူးယော့ခ်တွင် ကျင်းပခဲ့သည့် Calvin Klein Fashion Show တွင် သံတမန်တစ်ဦးအဖြစ် တက်ရောက်ခဲ့သည့် ဂျောင်ကု၏ ဖက်ရှင်စတိုင်လ်ကို ထိုင်းသတင်းထောက်က မျှဝေပေးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထိုင်းသတင်းထောက် Cates Rilthichai က ပွဲသို့ ဂျောင်ကုတက်ရောက်မည်ဟု ပြောကြားခဲ့ပြီး စောင့်ကြည့်ခဲ့ရာမှ စူပါစတားအဆင့်ရှိသူဖြစ်၍ လုံခြုံရေးတင်းကြပ်ထားကာ မီဒီယာသမားများစွာရှိခဲ့ပြီး ဂျောင်ကုရောက်သည်နှင့် ပွဲစတင်ခဲ့သည်။

ဂျောင်ကုသည် အသားအရေပြေပြစ်ချောမော၍ ချိုမြိန်တောက်ပသော အပြုံးလေးကို မြင်တွေ့ရကာ သူ၏ရိုးရှင်းသော ဖက်ရှင်စတိုင်လ်မှာ ရေပန်းအစားဆုံးဖြစ်ခဲ့သည်ဟု ဝေမျှပေးထားသည်။

(SKY)



## The Trauma Code: Heroes on Call အပိုင်းနှစ်၊ သုံး ဆက်လက်ရိုက်ကူးထား

ပရိသတ်ကြား ရေပန်းစားခဲ့ပြီး အနုပညာထူးချွန်ဆုများပါရရှိခဲ့သည့် ဆေးပညာဒရာမာဇာတ်ကား The Trauma Code: Heroes on Call မှာ အပိုင်းနှစ်နှင့် သုံးထွက်ရှိရန် သေချာနေပြီဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားနှင့် အနုပညာလောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာသည့် မင်းသား ဂျူဂျီဟွန်းနှင့် မျိုးဆက်သစ်အနုပညာရှင် ချူယောင်ဝူးတို့ ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိခဲ့သည့် ဆရာတပည့်ဖြစ်ခဲ့ကြကာ အနုပညာဆုပေးပွဲတွင်လည်း ဆရာတပည့်နှစ်ဦး ဆုအတူ တက်ယူခဲ့ကြသည်။




တွဲဖက်ညီခဲ့ကြသည့် ဂျူဂျီဟွန်းနှင့် ချူယောင်ဝူးတို့ နှစ်ဦးကို ပရိသတ်ရင်ခုန်စွာ စောင့်မျှော်နေကြသည်။

(SKY)

## Xiao Zhan က မကာအို The Greater Boy Area Film Concert 2025 ပွဲ တက်ရောက်

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် မကာအိုတွင် ကျင်းပသည့် The Greater Boy Area Film Concert 2025 ပွဲသို့ တက်ရောက်ခဲ့သည့် သတင်းကြောင့် ပရိသတ်စိတ်ဝင်စားနေကြသည်။

အဆိုပါပွဲတော်သို့ ရှောင်းကျန့်က ကိုယ်ပိုင်တီးဝိုင်းနှင့်အတူ သီဆိုဖျော်ဖြေမည်ဖြစ်၍ ဖက်ရှင်စတိုင်လ်အပြည့်နှင့် ချောမောနေသည့် ရှောင်းကျန့်၏ အသံချိုချိုနှင့် ဂီတကိုပါ ခံစားကြရမည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက် ည ၂ နာရီ မိနစ် ၄၀ တွင် တရုတ်ရုပ်သံ CCTV 6 မှ တိုက်ရိုက်



ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း China Movie News Weibo Updated က ကြေညာချက်ထုတ်ပေးထားသည်။

ရှောင်းကျန့်၏ We L (ငါတို့)သီချင်းမှာလည်း Webo ဂီတဆုပေးပွဲ ၂၀၂၅ အတွက် တစ်နှစ်တာအကြံပြုထားသောဂီတ၊ တစ်နှစ်တာအကောင်းဆုံး MV၊ တစ်နှစ်တာအကောင်းဆုံးတရုတ်အဆိုတော် စသည့်ဆုများစွာ သိမ်းပိုက်ထားကြောင်း သိရသည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂါဇာအရေး သဘောတူညီချက်တစ်ရပ်ကို အပြီးသတ်ရန် အီဂျစ်၌ အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပမည်



**ကိုင်ရို အောက်တိုဘာ ၁၂**

အီဂျစ်နိုင်ငံသည် ဂါဇာအရေး ရည်ရွယ်သည့် သဘောတူညီချက်တစ်ရပ်ကို အပြီးသတ်ရန် အတွက် အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးတစ်ခုကို ပင်လယ်နီ ကမ်းခြေအပန်းဖြေ မြို့ဖြစ်သည့် ရှာမ်အယ်လ်-ရှိတ်တွင် အောက်တိုဘာ ၁၃ ရက်၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးသို့ အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်အပါအဝင် ခေါင်းဆောင် ၂၀ ကျော် တက်ရောက်မည်ဟု ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းကြေညာသည်။

ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာသည် အမေရိကန်ကြားဝင်စေ့စပ်ပေးသော ငြိမ်းချမ်းရေးသဘောတူညီချက်ကို ခေါင်းဆောင်များ လက်မှတ်ရေးထိုးရန် မျှော်မှန်းထားသည့် ရှာမ်အယ်လ်-ရှိတ် ငြိမ်းချမ်းရေးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အီဂျစ်သို့ သွားရောက်မည်ဖြစ်ကြောင်း ၎င်း၏ရုံးက အတည်ပြုခဲ့သည်။

အစီအစဉ်၏ ပထမအဆင့်ကို ဓားစာခံများနှင့် ပါလက်စတိုင်းအကျဉ်းသားများကို တနင်္လာနေ့တွင် စတင်လွှတ်ပေးခြင်းဖြင့် စတင်ရန် စီစဉ်ထားပြီး ၎င်းသည် နှစ်နှစ်ကြာ ပဋိပက္ခပြီးနောက် "သမိုင်းဝင်အလှည့်အပြောင်း" ဖြစ်သည်ဟု ဗြိတိန်က မှတ်ချက်ချသည်။

အပစ်အခတ်ရပ်စဲရေး လုံခြုံစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီဆောင်ရွက်ပေးရေးအတွက် ဗြိတိန်၏ "ခိုင်မာသော ထောက်ခံအားပေးမှု" ကို ဗြိတိန်ဝန်ကြီးချုပ် စတားမားက ပြန်လည်အတည်ပြုပြောကြားမည်ဖြစ်ကြောင်း သိရသည်။

Mon

## တင်နက်ဆီပြည်နယ် ယမ်းဘီလူးပစ္စည်းစက်ရုံတစ်ခု ပေါက်ကွဲမှုတွင် အသက်ရှင်ကျန်ရစ်သူမရှိဘဲ လူ ၁၈ ဦး ပျောက်ဆုံးနေသည်ဟု ဆို

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်ရှိ ကျေးလက်ဒေသတစ်ခု၌ ယမန်နေ့က ဖြစ်ပွားသော ယမ်းဘီလူးပစ္စည်းစက်ရုံတစ်ခု ပေါက်ကွဲမှုဖြစ်စဉ်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူမရှိဘဲ လူ ၁၈ ဦး ပျောက်ဆုံးနေကြောင်း ဟမ်ဖရီးစ်ဒေသ ရဲအရာရှိ ခရစ်ဒေးဗစ်က ထုတ်ဖော်ပြောကြားသည်။

ထိုနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့် အနည်းဆုံး မီတာ ၈၀၀ အကွာအဝေးအထိ အပျက်အစီးများ လွင့်စင်ခဲ့ပြီး ၂၄ ကီလိုမီတာကျော်အကွာရှိ ဒေသခံများကပါ ပေါက်ကွဲမှုကို ခံစားသိရှိခဲ့ရကြောင်း ဒေးဗစ်က ပြောကြားသည်။

လေကြောင်းမှ ရိုက်ကူးထားသော ရုပ်သံမှတ်တမ်းများတွင် ကုမ္ပဏီ၏ တောင်ကုန်းပေါ်ရှိ တည်နေရာသည် မီးခိုးများထွက်ကာ မီးကျွမ်းနေသည်ကို ပြသနေပြီး ယင်းနေရာ၌ ကွေ့ကောက်နေသော သတ္တုအပိုင်းအစများ၊ မီးလောင်ထားသော ကားကိုယ်ထည်များနှင့် အပျက်အစီးများသာ ကျန်ရှိခဲ့ကြောင်း သိရသည်။

Mon



## ဆေးရည်များနှင့် ထိုးဆေးများ ထုတ်လုပ်သော ဆွစ်ဇာလန်ကုမ္ပဏီ တရုတ်နိုင်ငံ၊ ကျန်းဆူးပြည်နယ်၊ ချန်ကျိုးမြို့၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်



**ပေကျင်း အောက်တိုဘာ ၁၂**

ဆေးရည်များနှင့် ထိုးဆေးများ ထုတ်လုပ်သော ဆွစ်ဇာလန်အခြေစိုက် ယဆိုမက်ကုမ္ပဏီသည် တရုတ်နိုင်ငံ၊ ကျန်းဆူးပြည်နယ်၊ ချန်ကျိုးမြို့ရှိ ၎င်း၏ ကနဦးရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို မြှင့်တင်ခဲ့ပြီး ရန်ပုံငွေများ သိသာစွာ ထပ်မံဖြည့်တင်းကာ ရင်းနှီးမြှုပ်နှံမှုကို သုံးဆတိုးမြှင့်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယဆိုမက်အုပ်စုသည် ၂၀၂၂ ခုနှစ် အောက်တိုဘာတွင် ချန်ကျိုးနည်းပညာမြင့်ဇုန်၌ ၎င်း၏ ပထမဆုံး အာရှ-ပစိဖိတ် ထုတ်လုပ်မှုအခြေစိုက်စခန်းကို တည်ထောင်ခဲ့ပြီး ဆေးထိုးဘောပင်များနှင့် ဆေးထိုးအပ်များ သုတေသန၊ တီထွင်ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းတို့ကို အဓိကထား ဆောင်ရွက်ခဲ့သည်။

၂၀၂၃ ခုနှစ် ဧပြီတွင် ချန်ကျိုး ထုတ်လုပ်မှု အခြေစိုက်စခန်းစီမံကိန်းသည် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ပြီးစီးခဲ့ပြီး စက်ရုံတည်ဆောက်ရေးကို စက်တင်ဘာတွင် တရားဝင်စတင်ခဲ့ရာ အံ့သြစရာကောင်းသည်မှာ စက်ရုံ၏ အဓိကအဆောက်အအုံ ၁၄ လအတွင်း ပြီးစီးခဲ့သည့်အပြင် အဆိုပါအုပ်စုအနေဖြင့် ပရောဂျက်အသစ်တစ်ခုအတွက် ယူရို သန်း ၁၀၀ (ဒေါ်လာ ၁၁၅ ဒသမ ၇၃ သန်း) ထပ်မံရင်းနှီးမြှုပ်နှံရန် ကတိပြုခဲ့သည်။

လက်ရှိတွင် ယဆိုမက်အပါအဝင် ဆွစ်ဇာလန်ရင်းနှီးမြှုပ်နှံမှုရှိသော လုပ်ငန်းပေါင်း ၄၇ ခုသည် ချန်ကျိုးတွင် နေရာယူထားသည်။

ချန်ကျိုးသည် ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသရှိ ဆွစ်ဇာလန်လုပ်ငန်းများ အများဆုံး စုစည်းရာမြို့များထဲမှ တစ်ခုဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း ချန်ကျိုးနှင့် ဆွစ်ဇာလန်တို့အကြား ကုန်ထုတ်လုပ်ငန်း၊ နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများသည် ပိုမိုနီးကပ်လာကြောင်း သိရသည်။

Mon

## အာကာသ၌ လက်ထပ်ပွဲကျင်းပရန် တွမ်ခရုစ် စီစဉ်

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အသက် ၆၃နှစ်အရွယ်ရှိ သရုပ်ဆောင် တွမ်ခရုစ်သည် အသက် ၃၇နှစ်အရွယ်ရှိ သရုပ်ဆောင် Ana de Armas နှင့် အာကာသထဲတွင် မင်္ဂလာပွဲကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

၎င်းတို့စုံတွဲသည် *Mission: Impossible* ရုပ်ရှင်ကဲ့သို့ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲတစ်ခုကို အာကာသထဲတွင် ကျင်းပရန် ဆောင်ရွက်နေကြောင်း သိရသည်။



ပြောကြား

၎င်းတို့နှစ်ဦးသည် စွန့်စားခန်းများကို နှစ်သက်ပြီး အာကာသထဲတွင် ပထမဆုံးလက်ထက်မယ့် စုံတွဲ ဖြစ်လာမယ်ဆိုတဲ့ အရာက တွမ်ခရုစ်ကို စိတ်လှုပ်ရှားစေခဲ့ကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

တွမ်ခရုစ်သည် ယခင်က သုံးကြိမ် လက်ထပ်ခဲ့ကြောင်း သိရသည်။

ကိုးကား-ချိုဆန်းဒေးလီး

ဘာသာပြန်-စိုးသူရ

## ဘရူနိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဝက်ဘ်ဆိုက်အတု ထွက်ပေါ်လာ၍ သတိပေး

**ဘန်ဒါဆရီဘီဂါဝမ် အောက်တိုဘာ ၁၂**

ဘရူနိုင်းနိုင်ငံတွင် အစိုးရရင်းနှီးမြှုပ်နှံမှုပလက်ဖောင်းဝက်ဘ်ဆိုက်ဟုအမည်ရသည့် အွန်လိုင်းမှသတင်းတု၊ သတင်းမှားများထုတ်လွှင့်နေသည့် ဝက်ဘ်ဆိုက်ကို နိုင်ငံသားများအနေဖြင့် သတိပြုရှောင်ရှားကြရန် ဘရူနိုင်းဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနက နိုင်ငံသားများအား သတိပေးပြောကြားသည်။

ဘရူနိုင်းဒါရူဆလမ်အစိုးရက တည်ထောင်သည့် အစိုးရစာချုပ်ပလက်ဖောင်းဟု အမည်ရသည့် ဝက်ဘ်ဆိုက်တွင် ရေးသားထားသည့် သတင်းများကို မယုံကြည်ရန် နိုင်ငံသားများအား ယင်းဝန်ကြီးဌာနက ပြောကြားသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းအယောင်ဆောင်၍ လိမ်လည်ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအမျိုးအစားဖြစ်ကာ ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်ချမှတ်နိုင်သည့် ပြစ်မှုဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် သတင်းတု၊ သတင်းမှားများကို ဖြန့်ဖြူးပါက ပြည်သူ့အမိန့်ကြော်ငြာစာ အက်ဥပဒေအရ ဘရူနိုင်းဒေါ်လာ ၃၀၀၀နှင့် ထောင်ဒဏ်သုံးနှစ်ချမှတ်နိုင်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

STOP AIDS

## ယခုသီတင်းပတ်အတွင်း မက္ကဆီကိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း ရေကြီးမှုများကြောင့် လူ ၂၈ ဦးထက်မနည်းသေဆုံး၊ များစွာပျက်စီး

**မက္ကဆီကို အောက်တိုဘာ ၁၂**

ယခုသီတင်းပတ်အတွင်း မက္ကဆီကိုနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် လူ ၂၈ ဦး ထက်မနည်း သေဆုံးခဲ့ပြီး တစ်နိုင်ငံလုံးတွင် များစွာပျက်စီးကျန်ရစ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ပြည်နယ် ၃၂ ခုအနက် ၃၁ ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများရှိကြောင်း၊ ယင်းကြောင့် မြစ်များရေလျှံခြင်း၊ ကျေးရွာများ ရေမြုပ်ခြင်း၊ မြေပြိုမှုများဖြစ်ပေါ်ခြင်းနှင့် လမ်းများနှင့် တံတားများ ပြိုကျခြင်းများ ဖြစ်ပွားခဲ့ကြောင်း မက္ကဆီကို အရပ်ဘက် ကာကွယ်ရေးအာဏာပိုင်များက အစီရင်ခံသည်။

အလယ်ပိုင်းပြည်နယ်ဖြစ်သော ဟီဒယ်လ်ဂိုသည် အဆိုးရွားဆုံး ထိခိုက်ခဲ့သော ဒေသများထဲတွင် ပါဝင်ပြီး ယင်းဒေသရှိ အာဏာပိုင်များက လူ ၁၆ ဦးထက်မနည်း သေဆုံးကြောင်း၊ အိမ်ခြေ ၁၀၀၀ ပျက်စီးကြောင်းနှင့် လူမှုအသိုက်အဝန်း ၉၀ သို့ ကယ်ဆယ်ရေး သမားများ ဝင်ရောက်၍မရနိုင် ဖြစ်ခဲ့သည်။

အိမ်နီးချင်း ပွဲအက်ဘ်လာ ပြည်နယ်ရှိ အာဏာပိုင်များက အနည်းဆုံး လူ ၉ ဦး သေဆုံးခဲ့ကြောင်း ပြောကြားသော်လည်း ပျောက်ဆုံးသူများ ထပ်မံရှိနေသည့်အတွက် သေဆုံးသူအရေအတွက် တိုးလာနိုင်သေးသည်။

ပွဲအက်ဘ်လာပြည်နယ်တွင်ပင် ပြင်းထန်သော ရာသီဥတုဒဏ်ကို လူပေါင်း ၈၀၀၀၀ ခန့် ခံစားခဲ့ရသည်ဟု ပြည်နယ်အစိုးရက ပြောကြားသည်။

အရှေ့ပိုင်း ဗီရာခရုဇ်ပြည်နယ်တွင် ရေကြီးမှုများကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး အလယ်ပိုင်းရှိ ကွာရီတာရိုပြည်နယ်တွင်လည်း နောက်ထပ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Mon



## အောင်လံမြို့နယ် ပြလိုမြို့၌ မီးဘေးလုံခြုံရေးစစ်ဆေး ဆောင်ရွက်

**အောင်လံ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ ပြလိုမြို့၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး ပွင့်လင်းရာသီရောက်ရှိလာတော့မည်ဖြစ်၍ ပြလိုနယ်မြေ မီးသတ်စခန်းမှ ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက မြို့ပေါ်ရှိ ဘော်ဒါဆောင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများအား လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးကြသည်။




ထိုသို့ စစ်ဆေးရာတွင် ဘော်ဒါဆောင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများတွင် မီးဘေးကြိုတင်ကာကွယ်ရေးများဖြစ်သော မီးသတ်ဆေးဘူးများ၊ အရေးပေါ်အချက်ပေးစနစ်များ၊ အရေးပေါ်ထွက်ပေါက်စနစ်များ၊ ရေရရှိရေးစနစ်များ ကောင်းမွန်ခြင်း ရှိ၊ မရှိနှင့် မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက အသင့်အနေအထားဖြစ်စေရေး စစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မျိုးသိန်း(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် သရက်မြို့၊ ပြည်တော်အေးရပ်ကွက်ရှိ ကြယ်စင်စုဘော်ဒါဆောင်အား မီးဘေးလုံခြုံရေးစစ်ဆေး ဆောင်ရွက်ခဲ့စဉ်။**

(ကဆ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် လမ်းလျှောက်နေသူ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် လမ်းလျှောက်နေသူ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီခွဲက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းနောင်ကျေးရွာအနီး ပျဉ်းမနား-တောင်ညိုကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ နေပြည်တော်၊ အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဥတ္တရသီရိမြို့နယ်၊ ပန်းတင်ကျေးရွာနေ သိန်းဝင်းအောင်(၄၆)နှစ်ဆိုသူ မောင်းနှင်လာသည့် I- ZONE မော်တော်ယာဉ်သည် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လမ်းလျှောက်နေသည့် ဥတ္တရသီရိမြို့နယ်၊ လဲဝန်းကျေးရွာနေ ဦးကြဲအောင်(၇၃)နှစ်ဆိုသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးကြဲအောင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် သိန်းဝင်းအောင်ဆိုသူအား တောင်ညိုနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀-၀





## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီက ကျိုင်းတုံမြို့နယ်၊ ယွေခါးကျေးရွာအနီးတွင် ဆာဟီး(ခ)ယာစော ဆိုသူမောင်းနှင်ပြီး အားထူး ဆိုသူလိုက်ပါလာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီခွဲက အားဂေါ် ဆိုသူအား ငှင်းနေထိုင်သည့် ကျိုင်းတုံမြို့နယ်၊ ယွေခါး(လားဟူ)ကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆာဟီး(ခ)ယာစော(၂၅)နှစ်၊ အားထူး (၂၆)နှစ်နှင့် အားဂေါ်(၄၈)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားသုံးဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းပေါ်၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားသုံးဦး သေဆုံးခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းမကြီး မိုင်တိုင်အမှတ် ၁၆၅ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံအကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရွှေတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာ၌ ရန်ကုန်မှ ပြည်ဘက်သို့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ နဝဒေးရပ်ကွက်နေ မင်းနိုင်ဦး(၄၁)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA ALPHARD မော်တော်ယာဉ်နှင့် ပြည်မှရန်ကုန်ဘက်သို့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ဘို့လည်ကုန်းကျေးရွာနေ ခိုင်လင်းထက်(၁၈)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်ကြသည့် လင်းကိုကို (၁၇)နှစ်နှင့် ချစ်မင်းထွေး(၁၇)နှစ်ဆိုသူတို့ လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သဖြင့် ဆိုင်ကယ်စီးနင်းလာကြသည့် ခိုင်လင်းထက်(ပါ-၃ဦး)တွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် မင်းနိုင်ဦးနှင့် ခိုင်လင်းထက်တို့ နှစ်ဦးအား ရွှေတောင်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၊ ၅၊ ၆ ရက်တို့တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၁၂၁ တန်၊ အခြားသစ် ၂ ဒသမ ၀၅၂ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် အမရပူရမြို့နယ်၊ ထုံးဘိုတိုးဂိတ်အနီး၌ လိုင်စင်မဲ့ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြသည်။



**လက်မှတ်ရေးထိုး**

ဦးစွာ အမျိုးသားပြတိုက်၌ မင်းခမ်းတော် ပစ္စည်းပြခန်းများ အပါအဝင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးကို လည်းကောင်း၊ ခြောက်ထပ်ကြီးဘုရားကို လည်းကောင်း သွားရောက်ကြည်ညိုလေ့လာကြပြီး ဘုရားဖူးပြည်သူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့အတူ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် - ၃) သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှု လေ့လာကြသည်။



**လေ့လာကြည့်ရှု**

အဆိုပါအဖွဲ့သည် ယမန်နေ့ ညပိုင်းက အမျိုးသားဓာတ်ရုံ၌ ဖျော်ဖြေ တင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ကာလ အထိမ်းအမှတ် မီးရောင်စုံအလှ ထွန်းညှိထားမှုများကို သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

**ဆက်လက်ကျင်းပမည်**

ထို့အတူ အောက်တိုဘာ ၅ ရက် ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော် နည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၌ လည်းကောင်း ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး နေပြည်တော်တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်ကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ခရီးမဝေးပါ အနီးလေးမှာ

❖ အမည် ကွဲပြား၊ နေရပ် ခြားလည်း
တစ်သားတည်း နေ၊ တို့တစ်တွေသည်
တစ်မြေတည်း ဖွား၊ သွေးချင်းများမို့
အားလုံး "မြန်မာ" ဆိုတဲ့စိတ်။

❖ ဘိုးဘွားအမွေ၊ "အမိမြေ" ကို
အရှည်တည်ရန်၊ တိုးတက်ရန်နှင့်
နိုင်ငံ ခေတ်မီ၊ ဖွံ့ဖြိုး စည်အောင်
ဦးတည် ကြိုးပမ်း လိုတဲ့စိတ်။

❖ မျိုးဆက် နောင်ရေး၊ ကြောင့်ကြဝေးဖို့
လေးမြတ်ရှေးရှု၊ ဆင်ခြင်မှုဖြင့်
လူမှုဘဝ၊ ဖူလုံမှု သည့်
"လှပသာယာ၊ ပြည်မြန်မာ" အဖြစ်
ညီညာ ထူထောင် လိုတဲ့စိတ်။

❖ သည်လိုစိတ် ထား၊ ထပ်,ထပ်ပွားပြီး
မိသားစုကြား၊ ဆွေမျိုးကြားက
သားချင်း အတွေး၊ သွေးချင်း အမြင်
စဉ်လာ အရှိ၊ သွေးသားသိဖြင့်
နှိုင်းညှိ ဆောင်ယူ၊ ချစ်ကြည်ဖြူသော်
ပြည်သူ မျော်တွေး၊ "ငြိမ်းချမ်းရေး" သည်
မဝေးခရီး အနီးလေးမှာ။
တို့အားလုံးနဲ့ လက်တစ်ကမ်း အကွာ။ ။

မျိုးမြတ်မြတ်မြင့်မောင်

■ စာမျက်နှာ ၂၄ မှ

ဖြစ်ကြပြီး အပျော်တမ်းကစားနေကြသူတွေပါ။ လူရွေးချယ်ရာမှာ အခက်အခဲတွေရှိခဲ့ပါတယ်။ အချို့ကစားသမားတွေဆိုရင် ဖူဆယ်ကစားနေသူတွေပါ။ ကစားသမားအများစုက သင်ယူရဦးမှာဖြစ်လို့ စိန်ခေါ်မှုတွေ အများကြီး ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အနိုင်ရဖို့ထက် ဘောလုံးကို ပျော်ရွှင်အောင် ဘယ်လို ကစားရမလဲဆိုတာ သင်ယူဖို့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်''ဟု ပြောသည်။

ခြေစစ်ပွဲ အုပ်စု(ဃ)တွင် မြန်မာ၊ အင်ဒိုနီးရှားနှင့် မကာအိုအသင်းတို့ ပါဝင်နေပြီး အောက်တိုဘာ ၁၃ ရက် ညနေ ၃နာရီခွဲတွင် မကာအိုနှင့် အင်ဒိုနီးရှား၊ အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မြန်မာနှင့် မကာအို၊ အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားနှင့် မြန်မာတို့ အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## မြို့သစ်မြို့နယ်တွင် အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၃ ဦးအား ထောက်ပံ့ငွေပေးအပ်

**မြို့သစ် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်အတွင်းရှိ အသက် ၁၀၀နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀နှုန်းဖြင့် သက်ကြီးဘိုးဘွား ၁၃ ဦး အတွက် စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေကျပ် ၁၃၀၀၀၀၀ အား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အဘိုးအဘွားများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိစ္စန်(ပြန်/ဆက်)



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| မော်လ်တာ | ၁ | - | ၄ | ဘော့စနီးယား |

**၂၀၂၆ကမ္ဘာ့ဖလားဥရောပဇုန် ခြေစစ်ပွဲ အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဆမ်မာရီနို | ၀ | - | ၄ | ဆိုက်ပရပ်စ် |
| ဖာရိုးကျွန်းစုများ | ၂ | - | ၁ | ချက် |
| နယ်သာလန် | ၄ | - | ၀ | ဖင်လန် |
| စကော့တလန် | ၂ | - | ၁ | ဘီလာရုစ် |

**စာအုပ်စာပေ လူ့မိတ်ဆွေ။**




## 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Valentin Vacherot တက်ရောက်

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်သို့ မိုနာကို တင်းနစ်ကစားသမား Valentin Vacherot တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ မိုနာကို တင်းနစ်ကစားသမား Valentin Vacherot သည် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် မိုနာကိုတင်းနစ်ကစားသမား Valentin Vacherot နှင့် ပြင်သစ်တင်းနစ်ကစားသမား Arthur Rinderknech တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## ဟာလန်း၏ လက်ရွေးစင်အသင်းကစားသမားဘဝတွင် သွင်းဂိုး ၅၀ ပြည့်မြောက်



**လန်ဒန် အောက်တိုဘာ ၁၂**

နော်ဝေအသင်းတိုက်စစ်မှူး ဟာလန်းသည် လက်ရွေးစင်အသင်းကစားသမားဘဝတွင် သွင်းဂိုး ၅၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲအုပ်စုအဆင့်ပွဲစဉ်တွင် နော်ဝေအသင်းက အစ္စရေးအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး သုံးဂိုး သွင်းယူပြီးနောက် ယခုလို သွင်းဂိုးပေါင်း ၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ဟာလန်းသည် ၄၆ ပွဲ ကစားကာ နော်ဝေလက်ရွေးစင်အသင်း သမိုင်းတစ်လျှောက်တွင် ပွဲအနည်းဆုံးနှင့် သွင်းဂိုး ၅၀ ပြည့်မြောက်သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းတွေ ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို စံချိန်မှတ်တမ်းတွေအပြင် လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## နည်းပြ အဒေါ့ဖ်ဟတ်တာအား နည်းပြရာထူးမှ မိုနာကိုအသင်းထုတ်ပယ်

**ပါရီ အောက်တိုဘာ ၁၂**

ပြင်သစ်လီဂူးကလပ် မိုနာကိုအသင်းသည် အသင်းနည်းပြ အဒေါ့ဖ်ဟတ်တာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

မိုနာကိုအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပွဲစဉ် ခုနစ်ပွဲ ကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့်(၅) နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ အဒေါ့ဖ်ဟတ်တာအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အဒေါ့ဖ်ဟတ်တာသည် မိုနာကိုအသင်းအား ၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၉၃ ပွဲတွင် ၄၈ ပွဲနိုင်၊ ၂၁ ပွဲ သရေ၊ ၂၄ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

မိုနာကိုအသင်းထုတ်ပြန်ချက်တွင် "နည်းပြ အဒေါ့ဖ်ဟတ်တာအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)** (NGB)



## ဂူရက်စ်ဆီကို ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား

**မြူးနစ် အောက်တိုဘာ ၁၂**

ဘာစီလိုနာအသင်းသည် ဒေါ့မွန်အသင်း တိုက်စစ်မှူး ဂူရက်စ်ဆီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ပွဲ ကစားကာ ၄၄ဂိုး သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ဒေါ့မွန်အသင်းကလည်း ဂူရက်စ်ဆီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ ဂူရက်စ်ဆီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ကယ်လ်ဗင်ဖီးလစ် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိ

**မန်ချက်စတာ အောက်တိုဘာ ၁၂**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကယ်လ်ဗင်ဖီးလစ်သည် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ကယ်လ်ဗင်ဖီးလစ်သည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပွဲစဉ်တစ်ပွဲသာ ပါဝင်ကစားထားပြီး ပုံမှန်ပွဲထွက်ခွင့်မရရှိခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိသော ကွင်းလယ်ကစားသမား ကယ်လ်ဗင်ဖီးလစ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)




## ဂါနာဘရီအား စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် အောက်တိုဘာ ၁၂**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတောင်ပံကစားသမား ဂါနာဘရီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၃ ပွဲကစားပြီး ၉၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "ဂါနာဘရီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲအုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* စပါးအသင်းသည် ဘရန့်ဖို့ဒ်အသင်းတောင်ပံကစားသမား ချာဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (NGB)

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၁၀-၂၀၂၅ တနင်္လာနေ့ | ည ၇း၁၅ နာရီ | ဥဇဘက်ကစ္စတန် - ဥရုဂွေး |
| ။ | ည ၁၀း၃၀ နာရီ | မွန်တီနီဂရိုး - လက်ချ်တင်စတိန်း |
| ။ | ည ၁၁း၃၀ နာရီ | အယ်လ်ဂျီးရီးယား - ပါလက်စတိုင်း |
| ၁၄-၁၀-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၅း၃၀ နာရီ | ပေါ်တိုရီကို - အာဂျင်တီးနား |

## အန်ဇိုဖာနန်ဒက်စ်သည် ဒူးဒဏ်ရာကြောင့် အာဂျင်တီးနားလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**လန်ဒန် အောက်တိုဘာ ၁၂**

အာဂျင်တီးနားလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်သည် ဒူးဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ဗင်နီဇွဲလားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဂျင်တီးလက်ရွေးစင်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အန်ဇိုဖာနန်ဒက်စ်သည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၃၈ ပွဲ ကစားကာ ငါးဂိုး သွင်းယူထားသည်။

(အောက်ပုံ)

(NGB)



## ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၄-၁၀-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁း၁၅ နာရီ | D | အိုက်စလန် - ပြင်သစ် | ပြင်သစ် ၂-၁ အိုက်စလန် |
| ။ | ။ | J | မြောက်မက်ဆီဒိုးနီးယား - ကာဇက်စတန် | ကာဇက်စတန် ၀-၁ မြောက်မက်ဆီဒိုးနီးယား |
| ။ | ။ | A | မြောက်အိုင်ယာလန် - ဂျာမနီ | ဂျာမနီ ၃-၁ မြောက်အိုင်ယာလန် |
| ။ | ။ | A | ဆလိုဗက်ကီးယား - လူဇင်ဘတ် | လူဇင်ဘတ် ၀-၁ ဆလိုဗက်ကီးယား |
| ။ | ။ | B | ဆလိုဗေးနီးယား - ဆွစ်ဇာလန် | ဆွစ်ဇာလန် ၃-၀ ဆလိုဗေးနီးယား |
| ။ | ။ | B | ဆွီဒင် - ကိုဆိုဗို | ကိုဆိုဗို ၂-၀ ဆွီဒင် |
| ။ | ။ | D | ယူကရိန်း - အဇာဘိုင်ဂျန် | အဇာဘိုင်ဂျန် ၁-၀ ယူကရိန်း |
| ။ | ။ | J | ဝေးလ်စ် - ဘယ်လ်ဂျီယံ | ဘယ်လ်ဂျီယံ ၄-၃ ဝေးလ်စ် |

# ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများညှိနှိုင်း




**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်၊ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၀ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်ကော်မတီဝင်များ၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကံငွေ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထက်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသူများက ရွေးကောက်ပွဲဆိုင်ရာ အထွေထွေ လုပ်ငန်းများအား ပြန်လည်တင်ပြဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၉၃)**

## သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေး

**ကန့်ဘလူ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၏ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကန့်ဘလူမြို့နယ်၊ တောက္ကရုပ်ကျေးရွာအုပ်စု၊ ဆိပ်ဖူးမြောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က မြေပဲသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် နည်းပညာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးဇော်က နှမ်းသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများကိုလည်းကောင်း၊ ခရိုင်မြေ၊ မျိုး၊ပိုးနည်းပညာရှင်များက မျိုးစေ့ဆားရည်စိမ်နည်းများ၊ စပါးတွင် ဘက်တီးရီးယားရွက်ခြောက်ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာအာဟာရပြည့်မီရေးအတွက် ဆောင်ရွက်ရမည့် နည်းပညာများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြတ်လင်းက နွားများတွင် ဖြစ်ပွားတတ်သော ခွာနာ၊ လျှာနာရောဂါကာကွယ်ကုသနည်းများကိုလည်းကောင်း အသီးသီး ဆွေးနွေးကြသည်။



ပညာပေးဆွေးနွေးပွဲသို့ ဆိပ်ဖူးမြောင်ကျေးရွာမှ တောင်သူ ၆၂ ဦး တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မိုးစပါးဆင်ဇကရီ - ၃ တင်း(၁၀၀)အထက် ထွက်ရှိရေး စံပြစိုက်ခင်းစံကွက်ရိတ်သိမ်း

**ကျိုင်းလပ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၌ ၂၀၂၅-၂၀၂၆ မိုးစပါးတင်း(၁၀၀) အထက်ထွက်ရှိရေး စံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မိုင်းပါလျှိုးအုပ်စု၊ နမ့်ကိုင်းကျေးရွာတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မိုင်းပါလျှိုးအုပ်စုရပ်ကျေးစာရေး၊ မြို့ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်တာနှင့်ဝန်ထမ်းများ၊ မြို့စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာစံကွက်ရိတ်သိမ်းရေးအဖွဲ့များနှင့် တောင်သူများက နမ့်ကိုင်းကျေးရွာရှိ ကွင်းအမှတ်-၈၃၊ ဦးပိုင်နံပါတ်-၈ ဆည်ရေသောက် ဧရိယာကွင်းတွင် တောင်သူ ဦးအားဂျူ စိုက်ပျိုးထားသော ဆင်ဇကရီ-၃ စပါးစိုက်ခင်းကို ၆ ဒသမ ၆ ပေပတ်လည် စံကွက် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် မိုးစပါး ဆင်ဇကရီ-၃ အစိုအထွက်နှုန်း ၁၁၇ ဒသမ ၁၉ တင်းနှင့် အခြောက်ထွက်နှုန်း ၁၀၇ ဒသမ ၁၅ တင်း ထွက်ရှိသည်။

ဆက်လက်၍ အခြားသော ကွင်းများရှိ စပါးမျိုးကွဲများကိုလည်း တောင်သူတစ်ဦးချင်း အလိုက် ဆက်လက်ရိတ်သိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သမိုင်းအထောက်အထားအသစ်အဖြစ် ရွှေရည်ရေးဘုရားပုံတော်တွေ့ရှိ

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သိကြားဟစ်ဘုရား (ရှေးဟောင်းအဆောက်အအုံအမှတ်-၂၄၉)မှ နံရံဆေးရေးပန်းချီဘုရားပုံတော် ငါးဆူတွင် ရွှေရည်ရေးခြင်း(ရွှေချထားခြင်း)ကို ရှေးဟောင်းသုတေသနဆိုင်ရာ သမိုင်းအထောက်အထားအသစ်အဖြစ် တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(ပုဂံဒေသ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်မြင့်က ပြောသည်။

အသစ်တွေ့ရှိသည့် ရွှေစင်ရွှေသားများဖြင့် တန်ဆာဆင်ထားသည့် ဘူမိဖဿမုဒြာဟန် ထိုင်တော်မူဘုရားပုံတော်များသည် နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်၍ ဖုန်မှုန့်များ၊ အညစ်အကြေးများ ဖုံးအုပ်နေသဖြင့် တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရာမှ ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းမှုများ ဆောင်ရွက်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

"ရွှေရည်ရေးခြင်း(ရွှေချခြင်း) ဆိုတဲ့ တွေ့ရှိမှုက ရှေးဟောင်းဆိုင်ရာ ပထမဆုံးအထောက်အထား အသစ်တွေ့ရှိမှုဖြစ်ပြီး ဘုရားပုံတော် အောက်ခြေမှာ မင်စာရေးထိုးထားတာကလည်း ပါဠိ၊ မြန်မာဘာသာ နှစ်မျိုးနဲ့ တွေ့ရတယ်။ မင်စာပါအကြောင်းအရာတွေအရ ပွင့်တော်မူပြီးသော ဘုရားရှင်များကို ရည်စူးလှူဒါန်းတာ ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ကုသိုလ်ကောင်းမှုများ ပြုလုပ်ပါက ယခင်ရှိပြီး မိမိတို့ ဘိုးဘွားများ၏ ကောင်းမှုကို ဖျက်ဆီးခြင်းမပြုဘဲ ထပ်မံပြုလုပ်လှူဒါန်းခြင်းသည် ပုဂံယဉ်ကျေးမှုနယ်မြေတွင် တွေ့ရသော နှစ်ထပ်ဘုရားများ၊ နှစ်ထပ်ဆင်းတုတော်များက တိကျခိုင်မာသော ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခုဖြစ်ပြီး မင်စာများသည် မြန်မာ့သမိုင်းနှင့် မြန်မာအက္ခရာအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်သည်။

"ပုဂံခေတ်မှာ ဆင်းတုတော်တွေ လက်ဝဲရံ၊ လက်ျာရံ သာဝကတွေ၊ အသုံးအဆောင်ပစ္စည်းတွေကို ရွှေနဲ့လုပ်တဲ့ဓလေ့ ရှိခဲ့သလို နောက်ပိုင်းမှာလည်း တိုင်လုံးတွေနဲ့ မျက်နှာကြက်တွေမှာ ရွှေချတာတွေ ရှိခဲ့တယ်။ ခုတွေ့တာက အေဒီ ၁၃ ရာစုနှစ်က လို့ ပြောနိုင်ပါတယ်။ သမိုင်းအထောက်အထားအသစ် တွေ့ရှိခဲ့တဲ့ သိကြားဟစ်တိုင်ဘုရားမှာ ညောင်ဦး-ပုဂံ ကားလမ်းဘေး၊ အမှတ်(၇)ရပ်ကွက်၊ ဝက်ကြီးအင်းရဲ့ အနောက်တောင်ဘက်မှာ ရှိပါတယ်"ဟု ဆက်လက်ပြောကြားသည်။

**(အပေါ်ပုံ)**

ပုဂံဒေသတွင် အခြားသော နံရံဆေးရေးပန်းချီများရှိသည့် ရှေးဟောင်း အဆောက်အအုံများကို ဓာတုဗေဒနည်းဖြင့် ချေး(ကြေး)ချွတ်ခြင်း၊ သန့်ရှင်းခြင်း ကြံ့ခိုင်မှုထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဆိုပါက ယခုကဲ့သို့ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားအသစ်များ ထပ်မံတွေ့ရှိနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## ကတ်ထိုက် - လွယ်ပန်တောင်း - အင်ဂိုလုံ ကျေးရွာမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျိုင်းတုံ အောက်တိုဘာ ၁၂**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက် - လွယ်ပန်တောင်း - အင်ဂိုလုံ မြေလမ်း ၃၃/၅ မိုင်ပေါ်တွင် ဝ/၄ မိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ယမန်နေ့က ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ မြေသားလမ်း ၃၃/၅ မိုင်၊ မြေလမ်းတာချဲ့ ၃၂/၀ မိုင်၊ ကျောက်လမ်း ၁၄/၀ မိုင်၊ ကွန်ကရစ်လမ်း ၁/၀မိုင်၊ ၎င်းလမ်းပေါ်တွင် ၂၅ ပေ ကွန်ကရစ်တံတား နှစ်စင်း၊ ၁၅ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ကွန်ကရစ်ရေကျော် ၃၅ ပေ တစ်စင်းနှင့် ၅ ပေ Box Culvert ၅၁ စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်စဉ်လျာထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်အုပ်စုအတွင်းရှိ ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၁၀၅၀ အိမ်၊ လူဦးရေ ၈၈၅၃ ဦးတို့အတွက် များစွာအကျိုးပြုသည့် လမ်းပိုင်းဖြစ်ပြီး ဒေသအတွင်းရှိ ထွက်ကုန်များအား ကျိုင်းတုံမြို့သို့ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## Grade-12 ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲပြုလုပ်

**မန္တလေး အောက်တိုဘာ ၁၂**

အခြေခံပညာအထက်တန်းကျောင်းများမှ Grade-12 ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ရာဇာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ မန္တလေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမေသွယ်အေး၊ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများ၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများနှင့် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ပညာရေးမှူးကိုယ်စား ခရိုင်ပညာရေးမှူး ဦးသိန်းဒန်က အမှာစကားပြောကြားပြီး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်က မိတ်ဆက်စကားပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဘာသာရပ် ကိုးခုနှင့် မန္တလေးတက္ကသိုလ်မှ ဘာသာရပ် ၂၇ ခု၊ စုစုပေါင်းဘာသာရပ် (၃၆)ခုမှ ပါမောက္ခဌာနမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် မိတ်ဆက်ရှင်းလင်းပြောကြားပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

## ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**ရေနံချောင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ဘဲဆိပ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရန် လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ဘဲဆိပ်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာခန်း တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄ ဒသမ ၇၂၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Dears Brain ကုမ္ပဏီက ယခုနှစ် ဖွန်လ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(နော်လူး)

၀-၀-၀-၀-၀-၀

## မကြာမီပြန်လည်ဖွင့်လှစ်တော့မည့် ကိုင်းတန်းဈေးအတွင်း၊ အပြင် အထူးသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မကြာမီ ပြန်လည်ဖွင့်လှစ်မည့် ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်းနှင့်၂၉လမ်း၊ ၈၆လမ်းနှင့်၈၇လမ်းကြားရှိ ကိုင်းတန်းဈေးရုံကြီးနှင့် အတွင်း၊ အပြင် အထူးသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၁ ရက် နံနက် ၇ နာရီမှ မွန်းလွဲပိုင်းအထိ ဈေး အတွင်း၊ အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဈေးနှင့်သားသတ်ဌာန၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ အရာထမ်း၊ အမှုထမ်းများက ဆောင်ရွက်ခဲ့သည်။

ကိုင်းတန်းဈေး အတွင်း၊ အပြင် အထူးသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင် အနီးကပ်ကြီးကြပ်မှုဖြင့် ဒုတိယဌာနမှူး၊ ဌာနခွဲမှူး၊ ဌာနစုမှူးများနှင့် ဈေးနှင့်သားသတ်ဌာနမှ သန့်ရှင်းရေးဝန်ထမ်းအင်အား ၁၀၀ ဦး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ရေကားနှစ်စီး၊ မီးသတ်ယာဉ်တို့ဖြင့် ဈေးအပြင်ဘက် မြောင်းအား မြောင်းစာများ ဆယ်ယူခြင်း၊ ဈေးအတွင်း သားငါးရုံပတ်လည် မြောင်းအား ဆယ်ယူခြင်း၊ အနံ့အသက်ကင်းစင်စေရန် ရေမြောင်းအား ရေဆေးခြင်း၊ ဈေးခြံစည်းရိုးတွင် တွယ်ကပ်ပေါက်နေသော နွယ်ပင်များ ရှင်းလင်းခြင်း၊ ဈေးရုံများအတွင်း မြေစာပုံများ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းအမှိုက်သိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကိုင်းတန်းဈေးမှာ မတ် ၂၈ ရက်က လှုပ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဈေးရုံ ငါးထပ်ဆောင် ငါးပိ၊ ငါးခြောက်နှင့် ကုန်ခြောက် ကြက်သွန်၊ အာလူးများကို အဓိကရောင်းချသည့် ပွဲရုံတန်းဈေးဖြစ်ပြီး လိမ္မော်ရောင်အဆင့် ထိခိုက်မှုရှိခဲ့ရာ ယခုအခါ ပြန်လည်ပြုပြင်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**စာနည်းလွင်(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀-၀-၀



## တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ပွဲ ကျင်းပ

**ကလေး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီက မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။ (အောက်ပုံ)





ရှေးဦးစွာ ကလေးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် အခက်အခဲမရှိစေရေးအတွက် မျိုး၊ ရေ၊ မြေ၊ နည်းနှင့် စိုက်ပျိုးရေးသွင်းအားစုများကို ပေးအပ်လျက်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေကြွယ်ဝင်းက တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ကလေးခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ကလေးတွင် မိုးစပါး စိုက်ပျိုးရန် ၁၂၇၈၄၇ ဧကလျာထားပြီး စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီမှ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူပညာပေးသင်တန်းများနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခမ်းအနားသို့ ကလေးခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဝတ္ထုတိုကဏ္ဍ




(၆-၁၀-၂၀၂၅) စာမျက်နှာ - ၁၄မှ အဆက်

ညပိုင်းတွင် ကပ်လှိုင်တစ်ယောက် အိပ်မပျော်သေး။ ခွာဒီညလိုပွဲတွင် စိတ်ဝင်စားကြောင်း၊ ချစ်မိနေကြောင်း ပြောပြရန် အချိန်ကောင်းတွင် မပြောပြခဲ့မိ၍ နောင်တရနေသည်။ ရန်ကုန်သို့ ပြန်ရတော့မည်ဖြစ်၍ ချစ်မိကြောင်းနှင့် လက်ထပ်ရယူရန်အထိ စဉ်းစားထားကြောင်း ပြောရန် အားခဲရင်း အိပ်ပျော်သွားသည်။

နံနက်ပိုင်းတွင် ခိုင်ပီးနှင့် ကပ်ဆန်းမန်အိမ်သို့ အလည်သွားသည်။ကပ်ဆန်းမန်မိဘများနှင့် ခင်မင်ရင်းနှီးနေ၍ အိမ်သို့ တံခါးမရှိ အချိန်တိုင်း သွားလာနိုင်သော အခြေအနေလည်း ရှိနေသည်။ ကပ်ဆန်းမန်အိမ်တွင် သူမတစ်ဦးတည်း ရှိနေသည်။ ကပ်ဆန်းမန်ကိုတွေ့တော့ ချစ်စကားများ ပြောပြရန် တွန့်ဆုတ်နေသည်။ မိန်းကလေးတစ်ယောက်ကို ချစ်စကားမပြောခဲ့ဖူး၍ အခက်တွေ့နေသည်။ ကပ်ဆန်းမန်ကလည်း မိန်းမသား မြင်းက မလှုပ်ဘဲ ခုန်ကလှုပ်ရ မရရန် စည်းထိန်းရသည်။

ကပ်လှိုင်က ဘယ်လိုပြောရမလဲ။ စဉ်းစားရင်း အခက်တွေ့နေဆဲ။ မကြာမီ အိမ်ပေါ်သို့ ဆွန်ပြန်ခုပ်က တောင်ယာသွားမည့် အဝတ်အစားဖြင့် ရောက်လာသည်။ ဆွန်ပြန်ခုပ်ကလည်း ကပ်ဆန်းမန်ကို စိတ်မချသောကြောင့် အိမ်သို့ လာလည်လားမသိ။တောင်ယာသို့ သွားရန် လာခေါ်သလားမသိ။ ကပ်လှိုင် ပို အခက်တွေ့သည်။ တေမိလက်သစ် ကပ်လှိုင်ဘာလုပ်ရမယ်မသိ။

မကြာမီ တီးတိန်မြို့ထဲသို့ လန်ခရူဇာ ကားတစ်စီးရောက်လာသည်။ ကပ်လှိုင် ရှိသောနေရာသို့မေး၍ ရောက်လာသည်။ ကပ်ဆန်းမန် အိမ်ရှေ့တွင် ရပ်သွားသည်။

'ကိုကပ်လှိုင်ရှိလား'

ကားထဲမှ မျက်မှန်တပ်ထားပြီး ကိုယ်လုံးကိုယ်ပေါက်လှလှမိန်းကလေး တစ်ဦး ဆင်းလာသည်။ ကပ်လှိုင်မှ အပြင်ထွက်ကြည့်တော့ သူ အံ့သြသွားသည်။

'ကိုကို အေမီလေ၊ ကိုကို တီးတိန်သွားတယ်ဆိုလို့ ကလေးရောက်တုန်း ရောက်ဖူးအောင်လို့ တက်လာတာပါ'

အေမီဆိုသော ခပ်သွက်သွက် မိန်းကလေးကို ကပ်လှိုင် မှတ်မိသွားသည်။

'ကိုကို အိမ်ပေါ်လာမယ်နော်။ အေမီဆိုသော မိန်းကလေးက ရဲရဲတင်းတင်းအိမ်ပေါ်သို့ တက်လာသည်။ ပြီးမှ ကပ်ဆန်းမန်ကို တွေ့ကာ ကိုကို သူက ဘယ်သူလဲ'ဟု မေးသည်။

ကပ်လှိုင်တစ်ယောက် မျက်နှာနီရဲသွားသည်။

'လာ အေမီ အောက်မှာ စကားပြောရအောင်'ကပ်လှိုင်၏အပြုအမူကို အေမီ ဒေါသထွက်သွားပြီး ခပ်ဆတ်ဆတ်မာမာ ပြောလိုက်သည်။

'ကိုကိုနဲ့အေမီကို နှစ်ဖက်မိဘတွေ သဘောတူထားတယ်နော်။ အဲ့သည်လို လုပ်စရာမလိုဘူး' ကပ်လှိုင် စိတ်ဆိုးသွားသည်။

'အေမီ အဲ့ဒါတွေ ငါမသိဘူး။ ငါ့သဘောလည်း မပါသေးဘူး' ကပ်လှိုင်က ပြောသည်။ ကပ်လှိုင်နှင့် အေမီတို့ ငြင်းခုန်နေကြသည်ကို ကြည့်ရင်း ကပ်ဆန်းမန် စိတ်ပျက်သွားသည်။ ဆွန်ပြန်ခုပ်နှင့် ကပ်ဆန်းမန်တို့ တစ်ဦးကို တစ်ဦး ကြည့်ကာ ဦးနှောက်နှင့် အဖြေရှာနေကြသည်။

'ကလင် ကလင် ကလင်' ကပ်လှိုင် တယ်လီဖုန်းမှ ဖုန်းလာ၍ကြည့်တော့ သူ့အမေ ဖုန်းခေါ်နေကြောင်း သိလိုက်သည်။

'ပြောပါ၊ အမေ'

'သားရေ၊ အမေလည်း သိပ်နေမကောင်းဘူး။ အလုပ်တွေများနေလို့ မနက်ဖြန် ပြန်လာခဲ့ပါ'

'ဟာဗျာ၊ အမေကလည်း အရေးအကြောင်းဆို အဲ့လိုပဲ'

ကပ်လှိုင်တစ်ယောက် ခွာဒိုပွဲညတွင် ပျော်ခဲ့သလောက် အမေ့ဖုန်းလာမှ စိတ်ပျက်ရပေပြီ။ ကပ်ဆန်းမန်တို့ အိမ်လေးမှာ ယခင်လို မစိုပြည်တော့ ခြောက်သွေ့သွားခဲ့ပေပြီ။

နှင်းမှုန်များ ကျနေသော နေ့သစ်တွင် ကပ်လှိုင် တစ်ယောက် ကပ်ဆန်းမန်အိမ်သို့ နှုတ်ဆက်ရန် ရောက်လာသည်။

'အဒေါ် ကပ်ဆန်းမန်ရော'

မနက်အစောကြီးထဲက တောင်ယာသွားတယ်။ ဆွန်ပြန်ခုပ်လည်း လိုက်သွားတယ်' ကပ်လှိုင်တစ်ယောက် သဘောပေါက်လိုက်ပေပြီ။ ကပ်လှိုင် တောင်ယာသို့ လိုက်ပြီး နှုတ်ဆက်ရန် မကြိုးစားတော့။ ကလေးမြို့ကို ပြန်ဆင်းပြီးလျှင် လေယာဉ်ပျံဖြင့် ရန်ကုန်ပြန်ရပေမည်။

'ကပ်ဆန်းမန် ပြန်လာရင် နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ။ နောက်နှစ် လာပါမယ်လို့ ပြောပေးပါ။ သူဖတ်ဖို့ ကျွန်တော်ကြိုက်တဲ့ ကဗျာလေးတစ်ပုဒ်ကို လက်ဆောင်ပေးခဲ့ပါတယ်'

**ခွာဒိုည**

- **ခွာဒိုညပါပဲ၊**
  **လမင်းရဲ့အရိပ်အောက်မှာ**
  **ရိုးရာတေးသံတွေ ပျံ့လွင့်လို့ပေါ့။**
- **ခေါင်ရည် တစ်ကျိုက်၊ မီးမြှိုက်ထားတဲ့**
  **နွားနောက်သားတစ်ကိုက်နဲ့။**
  **ဘဝတွေလိုက်ဖက်ညီခဲ့တယ်။**
  **တောင်ဇလပ်ဖြူ ညီမငယ်ကို**
  **သည်ညမှာ တွေ့ခဲ့တယ်။**
- **ညီမပြောတဲ့ မြစ်သာမြစ်စီးဆင်းသလို**
  **အသံလွင်လွင်လေးနဲ့**
- **ညီမဆီက တောင်ဇလပ်လို**
  **သင်းရနံ့ လေးတွေနဲ့**
- **ညီမပြုံးတဲ့ ချင်းတောင်တန်းလို**
  **တည်ငြိမ်မှုတွေနဲ့**
- **ရင်ဘတ်မှာနှလုံးသား**
  **အချစ်တံဆိပ်ကပ်ပြီးသားမို့**
  **ပြန်ခွာချဖို့မပြောလိုက်ပါနဲ့တော့**

ကလေးမြို့ကို အုပ်မိုးထားတဲ့ ချင်းတောင်တန်း ကြီးရှိနေသရွေ့ ဘယ်တော့မှ သစ္စာမပြယ်ဘူးဆိုတာ အောက်ချင်းငှက်ကို သက်သေထားပြောပါ့မယ်။

လေယာဉ်က ဝါဠမ်းဖြူတိမ်တိုက်များကို ထိုးဖောက်၍ ကလေးလေဆိပ်သို့ ဆင်းသက်လာသည်။ လေယာဉ်ပေါ်မှဆင်းလိုက်သည်နှင့် ပြီးခဲ့သည့်နှစ်က ခွာဒိုပွဲတွင် ခင်မင်ခဲ့ကြသည့် ကိုဆွန်ဒုတ် ကျင်းကို ပူထန်ဒိတ်ခုပ်နှင့် ကိုပုန်ဇခုပ်တို့မှ ကားလေးနှင့် လာကြိုကြသည်။ အပြုံးများလှိုင်ကာ အားရဝမ်းသာဖြစ်ကြသည်။

'ကပ်လှိုင် မင်းရောက်လာသေးတယ်နော်' 'လာရတာပေါ့ကွာ'

'တို့ရဲ့ခွာဒိုပွဲကို လာတဲ့အတွက် ဝမ်းသာတယ်' အသိမိတ်ဆွေများနှင့် အပြန်အလှန်ပြောကြသည်။ 'လာ တစ်ခုခု စားရအောင်၊ ဘာစားမလဲ' 'ဆာဘူသီး(ပြောင်းဖူးနှင့် အသားရော)'

'ဟား-ဟား' ပုန်ဇခုပ်တို့ ရယ်ကြသည်။

'ရန်ကုန်ကော အခြေအနေ' 'အေးဆေးပါတယ်။ နေရတာကောင်းပါတယ်'

ကပ်လှိုင်တို့ စားသောက်ပြီးချိန်တွင် နေရောင်ဖျော့ဖျော့ နံနက်ခင်း ပူလောင်မှုမရှိ။ နေထိုင်ကောင်းသည်။

'ခင်ဗျားခွာဒိုပွဲကိုလာတာ၊ အကြောင်းတစ်ခုခု ရှိတယ် မဟုတ်လား' ပုန်ဇခုပ်က မေးတော့ ကပ်လှိုင် ရှက်ပြုံးပြုံးနေသည်။ ကပ်လှိုင် ယမန်နှစ်က တီးတိန်သို့ ခွာဒိုပွဲလာခဲ့သည်။ ဒီတုန်းက သူတို့မြို့သူ ကပ်ဆန်းမန်နှင့် ရင်းရင်းနှီးနှီး ရှိနေသည်ကို သူတို့သိကြသည်။ ကပ်လှိုင် ရန်ကုန်သို့ အပြန်တွင် ကပ်ဆန်းမန်တောင်ယာသွားနေ၍ မတွေ့ရဘဲ မချင့်မရဲနှင့် အိမ်ပြန်ခဲ့ရသည်။

ဒီနှစ်ခွာဒိုပွဲကို အားခဲပြန်လာခဲ့သည်။ ခွာဒိုညကိုလည်း ဒီနှစ်တွင် ရင်ခုန်ဖြတ်သန်းချင်သေးသည်။ နစ်ဆန်းကားလေးက ကလေးမြို့မှ ထွက်ပြီး သိုင်းငင်းလမ်းခွဲမှ ထွက်လာခဲ့သည်။ လမ်းဘေး ဘယ်ညာ တစ်လျှောက်တွင် ရဲရဲနီသော တောင်ဇလပ်ပန်းများကို တွေ့ရသည်။ ထူးခြားလှသော တောင်ပေါ်ပန်းဖြစ်သည်။ အမြင့်ပေ ၃၀၀၀ ကျော်တွင် ပေါက်သော ပန်းဖြစ်သည်။ တောင်ဇလပ်ပန်းက နှင်းဆီပန်းထက် အပွင့်ကြီးသည်။ တောင်ဇလပ်ဝိုင် ထုတ်လုပ်နိုင်သည်။ အရွက်ကို သုပ်စားက နှလုံးကျန်းမာရေးကောင်းသည်။ ဒီဇင်ဘာ၊ ဇန်နဝါရီလတွင် လှိုင်လှိုင်ပွင့်ဖူးသည်။

သိုင်းငင်းလမ်းခွဲဘယ်ဘက်အပေါ်တွင် လေသာတောင်(ဗြိတိသျှက Fortwhite) ဟု အမည်ပေးထားသော ပေ ၇၀၀၀ ကျော်မြင့်သော လေသာတောင်ရှိသည်။ ယခင်က နယ်ချဲ့သို့ ကျူးကျော်ခဲ့စဉ်က ဒေသခံချင်းတိုင်းရင်းသားများနှင့် တိုက်ပွဲများ ဖြစ်ဖူးသည်။ထုတ်လိုင်ရွာအနီး(ထုတ်လှိုင်လမ်းခွဲ) သို့ ရောက်လာသည်။ကပ်လှိုင်က သဘာဝရှုခင်းများကို ငေးမောလာသည်။ သိုင်းငင်းနှင့် တီးတိန်က ၂၇ မိုင်သာ ဝေးသည်။

တောင်ကွေ့တောင်ပတ်လမ်းကို ပုန်ဇခုပ်က ကျွမ်းကျင်စွာ မောင်းလာသည်။ ကပ်လှိုင်အတွေး တစ်ခုပေါ်လာသည်။ ပုန်ဇခုပ်ကို မေးသည်။

'တီးတိန်ဆိုတဲ့အမည်ပွာယ်က ဘာလဲ'

'တီးတိန်မြို့ မတည်မီက ရေကန်ကြီးတစ်ခု ရှိတယ်။ ရေကန်ကြီးကို အဝေးကကြည့်ရင် တစ်လက်လက်ထနေသော ရေကန်ကို အစွဲပြုပြီး ခေါ်တာ' ကားက တီးတိန်မြို့နှင့် နီးလာသည်။ အရင်နှစ်လို လေးရက် ကြိုရောက်နိုင်ခြင်းမရှိ၊ တစ်ရက် အလိုသာ ရောက်လာခဲ့သည်။ တီးတိန်မြို့ကို ဝင်သည်နှင့် သန့်ရှင်းလတ်ဆတ်သော လေနုအေးကို ရှူရှိုက်ရသည်။ နေညိုချိန်ခွာဒိုကွင်းတွင် မဏ္ဍပ်များ၊ စကားပြောစင်မြင့်များ၊ ထမင်းစားဆောင်များ ဆောက်လုပ်ထားသည်။ ခွာဒိုပွဲကို အားမာန်များဖြင့် ကြိုဆိုဖွင့်လှစ်ကြပေမည်။

ကပ်ဆန်းမန်ရဲ့အိမ်ကို ရောက်တော့ ကပ်ဆန်းမန်က တောင်ယာက ပြန်မလာသေး။ ခိုင်ပီးက သူ့ဆရာ ကပ်လှိုင်တစ်ယောက် ဘာဖြစ်နေသည်ကို သိသည်။ သူ့အမေ စေ့စပ်ထားသော အေမီကို ကပ်လှိုင် ကန့်ကွက်သည်။ ခုချိန်ထိ လွတ်လပ်သော လူပျိုဘဝကို ထိန်းသိမ်းထားပြီး တောင်ပေါ် အလှပန်းလေးဖြစ်သော ကပ်ဆန်းမန်ကို သဘောကျနေသည်ကို ခိုင်ပီးသိသည်။

'ခိုင်ပီး မင်းစောစောအိပ် မနက်ဖြန် ကပ်ဆန်းမန် တောင်ယာမသွားခင် သွားတွေ့ရအောင်'

'မနက်ဖြန် နံနက်စာစားပြီးမှ သွားရင် မကောင်းဘူးလား ဆရာ'

'ငါတို့နောက်ကျရင် လွဲနေမယ်' နောက်နေ့တွင် ကပ်ဆန်းမန် မိဘအိမ်သွားသည်။ ကပ်ဆန်းမန်ကို မတွေ့။ 'သူကသည် အိမ်မှာ မနေတော့ဘူး။ ကပ်ဆန်းမန်က အိမ်ထောင်ကျသွားပြီ' 'ဗျာ'

ကပ်လှိုင်တစ်ယောက် ခွာဒိုပွဲကို လာရင်း ကပ်လှိုင် စိတ်ထိခိုက်သွားသည်။ တကယ်တော့ ကပ်ဆန်းမန်ကို တွေ့ချင်တာ ခိုင်ပီးသိသည်။ ကပ်ဆန်းမန် အိမ်ထောင်ကျသည်ကို ကလေးလေဆိပ်ရောက်မှ ခိုင်ပီးသိရသည်။ ကပ်လှိုင် စိတ်မကောင်းဖြစ်မှာစိုး၍ မပြောခဲ့။

ကပ်ဆန်းမန်ကို ဆွန်ပြန်ခုပ်နှင့်အတူ တွေ့ရသည်။

'ကပ်ဆန်းမန်' အော် … ခွာဒိုပွဲကို လာတာလား' 'ဟုတ်တယ်၊ ပြီးခဲ့တဲ့နှစ်က အိမ်အပြန် လာနှုတ်ဆက်သေးတယ်'

ဟုတ်တယ်၊ တောင်ယာမှာ သီးပင်စားပင်တွေရှိတော့ အဖေကသွားအိပ်တယ်။ ကျွန်မက အဖေစားဖို့ စားစရာပို့ရင်း အဖေ့ကို ကူရတယ်လေ' 'အော်' ကပ်လှိုင်က သူ့ဘဝနှင့်နှိုင်းယှဉ်သည်။ သူက ရုံးတွင် လေအေးပေးစက်ဖွင့်ကာ အလုပ် လုပ်နေပေမယ့် တောင်ပေါ်သားတို့ဘဝကို စာနာမိသည်။

ကပ်ဆန်းမန်က ခွာဒိုပွဲအတွက် ကူညီလုပ်နေစဉ် ဆွန်ပြန်ခုပ်က ဝိုင်းကူနေသည်။

'ကိုကပ်လှိုင် အိမ်ထောင်ကျပြီလား' ကပ်ဆန်းမန်က သူသိလိုသော အကြောင်းကို မေးသည်။ 'အိမ်ထောင်မကျသေးပါဘူး'

'ရှင်' ကပ်ဆန်းမန် အံ့သြသွားသည်။

'ဟိုတစ်ခါ တီးတိန်ကိုလာတဲ့ မိန်းကလေးနဲ့ ရသွားပြီထင်နေတာ'

'ကျွန်တော် ကန့်ကွက်တယ်။ ကျွန်တော် မကြိုက်လို့ မယူခဲ့ဘူး။ ကျွန်တော်က မြို့သူထက် တောင်ပေါ်သူကို သဘောကျခဲ့တာပါ။' ဒါပေမဲ့ ကပ်လှိုင်၏ စကားကို ကပ်ဆန်းမန် သဘောပေါက်ပေမယ့် လက်လွန်သွားခဲ့ပေပြီ။

'ကပ်ဆန်းမန် အိမ်ထောင်ကျသွားပြီဆို'

'ဟုတ်ပါတယ်၊ ဆွန်ပြန်ခုပ်က ကျွန်မကို ငယ်ငယ်လေးထဲက ကြိုက်နေတာ၊ သူ့မိဘတွေနဲ့ လာတောင်းတော့ ကျွန်မငြင်းပါတယ်။ မိဘတွေပြောတော့ နောက်ဆုံးမှာ မလွန်ဆန်နိုင်ခဲ့ဘူး။ ကျွန်မကို ကိုကပ်လှိုင်ကြိုက်နေတာ ကျွန်မသိပါတယ်။ ကျွန်မကို ချစ်ကြိုက်ကြောင်း ပွင့်ပွင့်လင်းလင်းနဲ့ တစ်ခါမှ ဖွင့်မပြောခဲ့ဘူး။ မိန်းကလေးတစ်ယောက်အတွက် ကိုယ့်အပေါ် ကြင်နာပြီး ယုံကြည်အားကိုးထိုက်သူကိုပဲ ရွေးရမှာ မဟုတ်ဘူးလား။ ကိုကပ်လှိုင်ကလည်း စေ့စပ်ထားတဲ့ မိန်းကလေးရှိတယ် ထင်ပြီး ခေါင်းညိတ်လိုက်တာပါ'

ကပ်ဆန်းမန်ဘက်က ကြည့်လျှင် မှန်နေသည်။ ကပ်လှိုင် သူ့အမှားကို မြင်ပေပြီ။ ကျွန်တော့်အမှားပါ၊ ကျွန်တော်အသုံးမကျခဲ့တာ၊ ကျွန်တော် စောစောစီးစီး ဖွင့်ပြောခဲ့ရင် သည်လိုဖြစ်စရာမရှိဘူး။ ခုတော့ အလွဲလွဲ အချော်ချော် ဖြစ်ကုန်ပြီဗျာ။' ကပ်လှိုင် နောင်တရနေသည်။ ခွာဒိုညကို ပြန်လည်ဖြတ်သန်းရသော်လည်း ကပ်လှိုင် မပျော်နိုင်တော့။ ကပ်ဆန်းမန်၏ မျက်နှာမှာ မိန်းမကြီးတစ်ဦးအလား ရင့်ကျက်တည်ငြိမ်နေသည်။ ကပ်ဆန်းမန်ဘဝတွင် နေ့အလင်းရောင်ကဲ့သို့ အားကိုးရမည့် လမင်းတစ်စင်းလို အေးချမ်းစေမည့် ဆွန်ပြန်ခုပ်ဟူသော ခင်ပွန်းကောင်းတစ်ယောက် ရှိနေခဲ့ပြီဖြစ်ပါသည်။

ခွာဒိုညပွဲပြီးသည်နှင့် ကပ်ဆန်းမန်ကို သွားရောက်နှုတ်ဆက်သည်။ ကပ်ဆန်းမန်က …

'ကိုကပ်လှိုင်လည်း အိမ်ထောင်ပြုတော့လေ'

'ကျွန်တော့်ဘဝမှာ ချစ်သူအသစ်မရနိုင်တော့ဘူး ထင်တယ်။ တီးတိန်မှာပဲ အချစ်တွေ ထားခဲ့ပါပြီ' 'မဟုတ်ပါဘူး၊ ကိုကပ်လှိုင် အချစ်သစ်တွေ့ဦးမှာပါ' ကပ်ဆန်းမန် အားပေးစကားပြောနေသော်လည်း ကပ်လှိုင်ကတော့ ခေါင်းခါနေသည်။

'နောင်နှစ် ခွာဒိုပွဲ လာဦးမှာလား' ကပ်ဆန်းမန်က မေးသည်။

'ခွာဒိုပွဲဟာ ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေအတွက် တန်ဖိုးထားရတဲ့ ရိုးရာပွဲတော်ဖြစ်တဲ့အပြင် အမွေမွေးခဲ့တဲ့ ဇာတိဆိုတော့ တစ်နှစ်တစ်ခါလာနိုင်အောင် ကြိုးစားမယ်' ကပ်ဆန်းမန်က ကျေနပ်ဟန်ပြုံးကြည့်နေသည်။ကပ်လှိုင် လာလည်တာ ပျော်နေသည်။

'ကျွန်မ ကိုကပ်လှိုင် ပေးထားတဲ့ ခွာဒိုညကဗျာလေးကို သိပ်ကြိုက်တယ်။ ကျွန်မ ရိုရိုသေသေ သိမ်းထားတယ်'

'ကလေးမြို့က ချင်းလူမျိုးကဗျာဆရာတစ်ယောက် ရေးထားတာပါ။ ကျွန်တော်လည်း ကြိုက်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ကဗျာမရေးခဲ့ပေမယ့် ကျွန်တော့်ရဲ့ နှလုံးသား၊ ကျွန်တော့် ရင်ခုန်သံအဖြစ် သိမ်းထားပေးပါ' ကပ်လှိုင်က ပြောတော့ ကပ်ဆန်းမန်က ခေါင်းညိတ်သည်။

' မနက်ဖြန် ပြန်တော့မယ်နော်'

'ဟုတ်ကဲ့'

ကပ်လှိုင်တစ်ယောက် ကပ်ဆန်းမန်အနားမှ ပြန်ခဲ့သော်လည်း နှလုံးသားဒဏ်ရာမှာ မပြောတတ်အောင်ပင် နာကျင်နေသည်။ ခွာဒိုပွဲ၊ ခွာဒို ညရောက်တိုင်း ကပ်လှိုင်နှလုံးသားမှာ လွမ်းဆွေး စိတ်လှုပ်ရှားခြင်းများဖြင့် နှလုံးသားမှာ အမြဲနာကျင်နေရဦးမည်ဖြစ်သလို ကပ်ဆန်းမန်မှာလည်း … ။

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၉)သင်တန်းဆင်း

**ကျိုင်းတုံ အောက်တိုဘာ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ကျိုင်းတုံ)၏ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ် သင်တန်းအမှတ်စဉ်(၉)သင်တန်း ဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့ သည်။



သင်တန်းဆင်းပွဲတွင် တြိဂံ ဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်က သင်တန်း ဆင်း အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် ချီးမြှင့် ငွေများနှင့် သင်တန်းတွင် ထူးချွန် ဆုရရှိသူများကို ဆုများပေးအပ် ခဲ့သည်။ထို့နောက် အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်း သင်တန်းကျောင်း(ကျိုင်းတုံ) ကျောင်းအုပ် ဒေါ်နန်းယုန်းက သင်တန်းဆိုင်ရာ အချက်အလက် များကို ရှင်းလင်းတင်ပြပြီး သင် တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ် ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ ပြည် နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် သင် တန်း နည်းပြများက သင်တန်းသူ များကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်၍ ခင်းကျင်းပြသထား သည့် သင်ထောက်ကူပစ္စည်းများ အား ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းသို့ ကျိုင်းတုံ၊ မိုင်းလားဒေသမှ သင်တန်းသူ ၃၀ ဦး တက်ရောက်ပြီး ရက် သတ္တပတ် ၂၂ ပတ်ကြာ ဖွင့်လှစ် သင်ကြားခဲ့ကြောင်း သိရ သည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**



## အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အခွန်ဦးစီး ဌာနမှ မြို့နယ်အတွင်းရှိ ပြေစာ အမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်း ချသည့် စားသောက်ဆိုင်၊ဟိုတယ် နှင့်တည်းခိုခန်း၊ရွှေထည်လက်ဝတ် ရတနာများ၊ ရုပ်သံလွှင့်မီဒီယာ လုပ်ငန်း၊လက်ကိုင်ဖုန်း(Hand-set) ဆက်စပ်ပစ္စည်းများ ရောင်း ချသည့် လုပ်ငန်းရှင်များကို အခွန် ပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်တွင်း ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လူထု အခြေပြုဗဟိုဌာန (Community Centre)တွင် ကျင်းပခဲ့ သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်လွင်လွင် ထွန်းက ပြည်တွင်းအခွန်များဦးစီး ဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန် ကောက်ခံရခြင်း၏ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန် အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေး သွင်းခြင်း၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်း လင်းဆွေးနွေးခဲ့ပြီး တက်ရောက် လာကြသည့် အခွန်ထမ်းပြည်သူ များက သိရှိလိုသည်များကို မေး မြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူး က ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အခွန်ကောက်ခံမှုအထောက် အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိုသနီးမြေ)**

## အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အမှတ်(၂၇) အခြေခံပညာနှင့်စက်မှု စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း ၌ စာဖတ်ရိုးမြှင့်တင်ရေးအတွက် အောက်တိုဘာ ၁၁ ရက် နံနက် ပိုင်းက မြို့နယ်အဆင့်ဖြင့် အထက် တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲတွင် မဟာအောင်မြေခရိုင်၊ ပညာရေးမှူး ဒေါက်တာသက်လှ စုနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေး သန္တာနိုင်တို့က အနီးကပ်ကြီး ကြပ်ခဲ့ပြီး အမှတ်(၂၇)အခြေခံ ပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်း သား၊ ကျောင်းသူ ၅၅၂ ဦး ဝင် ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရ သည်။

**(အောက်ပုံ)**

**ဇင်မင်းမောင်**



ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ် စာပေ လေ့လာစို့ ။




ဖတ်စရာ၊ မှတ်စရာ

စုံလင်

## မြို့တော်ကို ခြယ်မှုန်းကြသူများ

* ရှစ်မ်းပါ့မောင်တို့ရေ
မြို့တော်တစ်ခွင် အုံ့မခန်း
စိမ်းလန်းစိုပြေ(ပြည်) ။
အကိုင်းအခက်ကယ်ဝေ
ပင်ပျိုတွေ အစီအရီတန်း ။
ခင်တန်းမဟာမြိုင်သို့
အုံ့ဆိုင်းကာ
ခြံသိုင်းမြပဝါအသွင်ပ
ဘဝင်ကျစရာ
မြင်ရသူငါ စိတ်အစဉ်လန်းတယ်
(ကွယ်) လွမ်းဘွယ့်မြိုင်နန်း ။

* ကြည့်စမ်းပါ့မောင်တို့ရေ
လမ်း ဝဲယာ
ပန်းမာလာအသွင်ဆန်း
သွယ်တန်းလို့နေ ။
ယိမ်းသမတွေ
က,နေတဲ့ အသွင်အလား ။
စိမ်းနီပြာဝါ
လေယူရာဘယ်ညာတိမ်း
ယိမ်းနွဲ့တကား ။

* ကြည့်ကြပါကွယ့် ကြည့်ပါကွယ်
ရပ်ရှစ်ခွင်မြို့တစ်ဝှမ်း
ပြည့်လျှမ်းလို့ရယ် ။
လမ်းအသွယ်
တံတားငယ် တည်ဆောက်ထား ၊
ချောင်းအသွယ်သွယ်
တံတားငယ်တည်ဆောက်ထား ။
ပြည်သူအများ
ဟိုသည်သွား အဆင်ပြေစေဖို့
မန္တလာမြေ
စည်ပင်အဆွေအပေါင်းရယ်က
စိတ်ကောင်းစေတနာနဲ့
ဝန်ဆောင်ကာ ထမ်းရွက်ပါ့
သိကြအများ ။

* လမ်းတွေကိုလည်း ပြုကာပြင်
ချိုင့်ခွက်ဆိုဝေလာဝေး
ရေးရေးမထင် ။
ဖုန်မှုန့်ကယ်ဘယ်မတင်
အမှိုက်တစ်မျှင် မမြင်ငြား ။
ရှုတိုင်းသာ
တုနှိုင်းစရာ ဘယ်မရှိလေဘု
တကယ်ယခုရွှေမန္တလာ
အဆင်တန်ဆာ အလှအပတွေနဲ့
မြင်သူတကာ ငေးမောရတယ်
(ကွယ်) ဝင့်ထယ်(ထည်)ခဲ့ညား ။

**ရေနံမြေ-လွမ်းစ**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ကချင်ပြည်နယ် သာရေး နာရေးနှင့် လူမှုကူညီရေးအသင်း(မန္တလေး)က ကထိန်ခင်း



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်၌ ကထိန်ခင်းအလှူတော်ကို ယမန်နေ့က အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ၁၂လမ်းနှင့် ၁၄လမ်းကြားရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အား အမှူးထား၍ သံဃာတော် အရှင်မြတ် ၃၆၀ ပါးတို့အား ကချင်ပြည်နယ်သာရေး နာရေးနှင့် လူမှုကူညီရေးအသင်း (မန္တလေး)၏ စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန်အလှူတော်အဖြစ် ဥက္ကဋ္ဌ ဦးအန်းဟိုင်း+ (ဇနီး) ဒေါ်အေးသီ၊ အမှုဆောင်များက ကထိန်လျာ ဥတ်သင်္ကန်းကြီးကို ကပ်လှူကြပြီး သံဃာတော်များအား အလုပ်အမှုဆောင်များ၊ အသင်းဝင်များက လှူဖွယ်ပစ္စည်းများ ကပ်လှူကြပြီး ရေစက်ချ တရားနာယူကာ နေ့ဆွမ်းဆက်ကပ်ကြသည်။

(ဝဲပုံ)

ကချင်ပြည်နယ် သာရေး နာရေးနှင့် လူမှုကူညီရေးအသင်း (မန္တလေး)၏ စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန်အလှူ၊ စုစုပေါင်း ငွေကျပ်သိန်း ၉၁၀ ဖြစ်ကြောင်း သိရသည်။

(၀၉၃)



# သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် နေ့လယ်စာအာဟာရထမင်းကျွေးမွေး

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပြည်လုံးချမ်းသာ တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတွင် အလှူရှင် ဖခင်ကြီး ဦးသိန်းဖေ + မိခင်ကြီး ဒေါ်စောရီ၊ (ခင်ပွန်း) ဦးမြင့်သောင်း၊ (သား) မောင်ဇော်ဝင်းနိုင်၊ မောင်ဖိုးမင်းတို့အား ရည်စူး၍ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၅လမ်းနှင့် ၃၃လမ်းထောင့်နေ ဒေါ်အုန်း မိသားစုက ယခင်ငွေပဒေသာပင် စိုက်ထူလှူဒါန်းထားသည့် အလှူငွေကျပ်သိန်း ၅၀ ၏ အတိုးငွေဖြင့် နှစ်စဉ် မိဘမဲ့ကလေးငယ်များအား နေ့လယ်စာအာဟာရထမင်း၊ ဟင်းများ၊ မုန့်များဖြင့် ကျွေးမွေးလှူဒါန်းခြင်း၊ ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ရာ လှူဒါန်းမှုအစုစုတို့အတွက် ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ (မွော်စရိယ B.A) ဆရာတော်က ရေစက်ချ အနုမောဒနာတရားဟောကြား ချီးမြှင့်ပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ်စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရဒါနကျွေးမွေး လှူဒါန်းလိုပါက နံနက်စာအတွက် ငွေကျပ် သုံးသိန်းခွဲ၊ နေ့လယ်စာအတွက်ငွေကျပ် သုံးသိန်းငါးသောင်းခွဲ၊ ညနေစာအတွက် ငွေကျပ် သုံးသိန်းခွဲဖြင့်လည်းကောင်း၊ ရာသက်ပန်ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါကလည်းကောင်း၊ ဦးစီးပဓာနနာယက ဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈၃၂၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါ ကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေလွှတ်ထားခြင်းမရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ထွန်းထွန်းဦး

*-*-*-*-*

# (၉၇)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူ

**သရက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၇) ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ်လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၉၇) ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ် သီရိမင်္ဂလာဝွေးချိကျောင်းတိုက် သိန်းကြွယ်အုဋ္ဌ်ကျောင်းတွင် အသစ်ဆောက်လုပ်နေသော ကျောင်းဆောင်ကြီးအတွက် ကွယ်လွန်သူ ဇနီး ဒေါ်ခင်စောငြိမ်း၊ (သမီး)မနှင်းအေးခက်တို့ကို ရည်စူး၍ မိုးကုတ်မြို့ ပိတ်စွယ်ရပ်မှ ယာယီမန္တလေးရောက် ဖခင်ကြီး ဦးထွန်းထွန်းနှင့် အခြားသောမြို့များမှ ညီအစ်ကိုမောင်နှမများက ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဝထံ ငွေကျပ် ၁၁ သိန်းကို ယမန်နေ့က လှူဒါန်းစဉ်။

(ကဆ)



# မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိသည်။ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၉ရက် နံနက်ပိုင်းက နှလုံးရောဂါဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူနေသော မြန်မာစာဌာန အငြိမ်းစားဆရာမကြီး ဒေါ်သန်းသန်းနွယ်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် အဖွဲ့ဝင်များက ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ငွေကျပ် သုံးသိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး အောက်တိုဘာ ၉ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၅၄ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ငွေကျပ် ၆၅၅ သိန်း ဂါရဝပြုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)

*-*-*-*-*



# ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေနှင့် ဆန်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၂**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးတည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ မန္တလေး၊ ၃၂လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြား မလွန်ဆန်လှူအသင်းကြီးက အလှူငွေကျပ် ၁၀ သိန်းနှင့် ဆန်လေးတင်း ရှစ်ပြည်ကို ယမန်နေ့က ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဥပဋ္ဌာက္ကမှအဖွဲ့ကိုယ်စား အလှူခံဌာန တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်၍လှူဒါန်းနိုင်ကြောင်း သိရသည်။


(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)



မျက်စိလှူကြ
မျက်ကြည့်ရ
မြတ်သည့်
လှူဒါန။

# လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု၏ အခြေခံ


လျှပ်စစ်ဒိုင်နမိုတီထွင်သူပညာရှင် မိုက်ကယ်ဖာရာဒေး

လျှပ်စစ်ကားရင့်ကို စက်ဖြင့် ထုတ်ယူနိုင်ပုံကို ၁၈၃၁ ခုနှစ် ဩဂုတ်လတွင် ပထမ စတင်တွေ့ရှိသူမှာ ခေတ်သစ်လျှပ်စစ်ပညာ၏ဖခင်ဟု အသိအမှတ်ပြုကြရသော အင်္ဂလိပ်လူမျိုး သိပ္ပံပညာရှင် မိုက်ကယ်ဖာရာဒေးဖြစ်သည်။ မိုက်ကယ်ဖာရာဒေး တွေ့ရှိသောအချက်မှာ သံလိုက်ဓာတ်ဖြင့် နန်းကြိုးတွင် လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာအောင် ညှို့ယူနိုင်ခြင်းပင် ဖြစ်သည်။ ဖာရာဒေးသည် သံလိုက်ပိုစွန်းရှေ့၌ နန်းကြိုးခွေတစ်ခုကို လှုပ်ရှားပေးသောအခါ၊ တစ်နည်း နန်းကြိုးခွေကို အသေထား၍ သံလိုက်ကို လှုပ်ရှားပေးသောအခါ နန်းကြိုးခွေ၌ လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာသည်ကို တွေ့ရှိခဲ့သည်။ သို့သော် ဤလျှပ်စစ်ကားရင့်မှာ နန်းကြိုးခွေနှင့် သံလိုက်တစ်ခုခုကို လှုပ်ရှားပေးချိန်တွင်သာ ဖြစ်ပေါ်၍ လှုပ်မပေးဘဲ တည်ငြိမ်ထားပါက လုံးဝဖြစ်ပေါ်ခြင်း မရှိပေ။ နန်းကြိုးတွင် လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာခြင်းမှာ သံလိုက်ဓာတ်အားလမ်းကြောင်းများကို နန်းကြိုးက ဖြတ်တောက်မှုကြောင့်ဖြစ်၍ လျှပ်စစ်ကားရင့်၏ ပမာဏမှာ တစ်စက္ကန့်အတွင်း ဖြတ်တောက်ခံရသည့် သံလိုက်ဓာတ်အား လမ်းကြောင်းအရေအတွက်ပေါ်၌ မူတည်လေသည်။ ထို့ကြောင့် သံလိုက်၏အားကြီးလာလျှင်ဖြစ်စေ(သို့မဟုတ်) သံလိုက်အားလမ်းကြောင်းကို နန်းကြိုးဖြတ်တောက်သည့် အကြိမ်ပေါင်း များလာလျှင်ဖြစ်စေ ဖြစ်ပေါ်လာသော လျှပ်စစ်ကားရင့်၏ ပမာဏမှာလည်း များလာလေသည်။ သို့ရာတွင် ဖြစ်ပေါ်လာသည့် လျှပ်စစ်ကားရင့်သည် စီးလိုရာစီးခြင်း မဟုတ်ပေ။ သံလိုက်(သို့မဟုတ်)နန်းကြိုးခွေလှုပ်ရှားသည့်ဘက်ကို လိုက်ပြီးစီးခြင်းဖြစ်သည်။ ပုံပမာ နန်းကြိုးခွေထဲသို့ သံလိုက်ပိုစွန်းကို ထိုးသွင်းချိန်တွင် နန်းကြိုးခွေ၌ ဖြစ်ပေါ်လာသော လျှပ်စစ်ကားရင့်သည် ဝဲမှ ယာသို့ စီးသည်ဆိုပါစို့။ ထိုအခါ သံလိုက်ပိုစွန်းကို ဆွဲထုတ်လိုက်ချိန်တွင် အဆိုပါ လျှပ်စစ်ကားရင့်သည် ယာမှ ဝဲသို့ ပြောင်းပြန်စီးလေသည်။

အထက်ပါ အခြေခံသဘောကို တွေ့ရှိပြီးနောက် ဖာရာဒေးသည် သံလိုက်အားလမ်းကြောင်းများ ရှိသော သံလိုက်နယ်တွင် နန်းကြိုးခွေကို အဆက်မပြတ် လည်စေနိုင်မည့်နည်းကို ကြံစည်ပြီးလျှင် ၁၈၃၁ ခုနှစ် အောက်တိုဘာလမှာပင် ပထမဒိုင်နမိုကို တီထွင်လိုက်လေသည်။ ဒိုင်နမိုတွင် အရေးကြီးဆုံးအပိုင်းနှစ်ပိုင်းရှိသည်။ တစ်ပိုင်းမှာ အသေဖြစ်၍ တစ်ပိုင်းမှာ အရှင်ဖြစ်ကာ လှုပ်ရှားနိုင်သည်။ လှုပ်ရှားသောအပိုင်းသည် ထုလုံးရှည်သဏ္ဌာန် သံကိုယ်ထည်ပေါ်၌ နန်းကြိုးများကို ရစ်ပတ်ထားသော အပိုင်းဖြစ်သည်။ ထိုအပိုင်းကို အာမေချာ (နန်းကြိုးခွေရစ်လုံး) ဟုခေါ်သည်။ အသေဖြစ်သည့် အပိုင်းသည် အာမေချာကို ဝိုင်းရံထားသော သံကိုယ်ထည်ကြီးတစ်ခုဖြစ်၍ ထိုသံကိုယ်ထည်ပေါ်၌ အားကောင်းသော သံလိုက်များကို တပ်ဆင်ထားသည်။ ထိုသံလိုက်တို့မှာ သာမန် သံလိုက်များမဟုတ်ကြပေ။ သံပျော့ချောင်းများပေါ်တွင် နန်းကြိုးများ ရစ်ပတ်ထားသော လျှပ်စစ်သံလိုက်များဖြစ်ကြ၍ ထိုသံလိုက်များကို ဖီးမက်ဂနက် (အားပေးသံလိုက်)ဟု ခေါ်လေသည်။ ယခင်ကဆိုလျှင် လျှပ်စစ်သံလိုက်အစား သံမဏိသံလိုက်များကိုသာ သုံးခဲ့၍ ထိုဒိုင်နမိုမျိုးကို မက်ဂနက်တို (သံလိုက်လျှပ်စစ်စက်)ဟု ခေါ်လေသည်။ အာမေချာတွင် နန်းကြိုးရစ်ခွေအားလုံးတို့၏ အဖျားများကို တစ်ခုနှင့်တစ်ခု ဆက်ထား၍ နောက်ဆုံး အစနှစ်ဖက်ကို အာမေချာဝင်ရိုးတံ၌ တပ်ဆင်ထားသော ကြေးဝါကွင်းနှစ်ခုသို့ ဆက်ထားသည်။ အာမေချာကို လည်စေသောအခါ အာမေချာနန်းကြိုးရစ်ခွေများ၌ အားကောင်းသော လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာသည်။ ကြေးဝါကွင်းများ၌ ကာဗွန်(သို့မဟုတ်) ကြေးနီဖြင့် ပြုလုပ်ထားသော ဗရပ်(ပွတ်တံ)နှစ်ခု တပ်ထားသည်။ ထိုပွတ်တံတို့က နန်းကြိုးရစ်ခွေတွင် ဖြစ်ပေါ်လာသောလျှပ်စစ်ကားရင့်တို့ကို စုဆောင်းသိမ်းဆည်းပြီးနောက် မိမိတို့နှင့် ဆက်သွယ်လျက်ရှိသော နန်းကြိုးများသို့ ဖြန့်ချိပေးသည်။ သို့သော် ဤသို့ အာမေချာလည်စဉ် နန်းကြိုးရစ်ခွေများအတွင်း၌ စီးသောလျှပ်စစ်ကားရင့်တို့သည် အပတ်ဝက်တိုင်းတွင် တစ်ကြိမ်စီးရာ အရပ်ပြောင်းကြသဖြင့် ဤစက်မျိုးမှ အေစီကားရင့်(ခေါ်)တစ်ဖက်ပြန်စီး လျှပ်စစ်ကားရင့်မျိုးကိုသာရလေသည်။ ထို့ကြောင့် ဤစက်မျိုးကို အော်လတာနိပ်တား(သို့မဟုတ်)အေစီဒိုင်နမိုဟု ခေါ်လေ့ရှိကြသည်။ ဒီစီကားရင့်(ခေါ်)တစ်ဖက်သတ်စီး လျှပ်စစ်ကားရင့်ကို ပေးသောစက်မျိုးကိုသာ ဒိုင်နမိုဟု ခေါ်လေ့ရှိကြလေသည်။ အမှန်မှာ တစ်ဖက်တစ်ပြန်စီး လျှပ်စစ်ကားရင့်သည် တစ်ဖက်သတ်စီး လျှပ်စစ်ကား ရင့်နည်းတူ အသုံးကျ၍ စရိတ်ပင် ပိုသက်သာသေးသည်။ ထို့ကြောင့် အေစီဒိုင်နမိုကို အသုံးများကြသည်။ သို့ရာတွင် တစ်ဖက်သတ်စီး လျှပ်စစ်ကားရင့်ကိုသာ အသုံးပြုလိုသောအခါများလည်း ရှိသေးရာ ထိုအခါမျိုးတွင် ဒိုင်နမို၌ ကွန်မြူတေတာ(ခေါ်)ဓာတ်ပြောင်းကွင်းကို ကြေးဝါကွင်းအစား တပ်ဆင်ပေးရလေသည်။ ကွန်မြူတေတာများလည်း ကြေးဝါကွင်းများပင် ဖြစ်သည်။ သို့သော် ကွင်းပြည့်မဟုတ်ဘဲ အမြောင်းများအဖြစ် အလျားလိုက် ခွဲစိတ်ထားပြီးနောက် အမြောင်းတစ်ခုနှင့်တစ်ခု စပ်ကြားတွင် ဓာတ်မလိုက်ပစ္စည်းဖြင့် ကြားခံထားသည်။ အာမေချာနန်းကြိုးရစ်ခွေ အစနှစ်ဖက်စီကို ဆက်ထားရန်အတွက် အမြောင်းနှစ်ခုလိုသဖြင့် အမြောင်းအားလုံး၏ အရေအတွက်မှာ နန်းကြိုးရစ်ခွေ ရှိသမျှ၏ နှစ်ဆနှင့်ညီမျှလေသည်။ ကွင်းပြည့်ကြေးဝါကွင်းနှစ်ခုကို သုံးစဉ်က အာမေချာနှင့်အတူ လိုက်၍လည်သော ထိုအကွင်းနှစ်ခုမှာ လျှပ်စစ်ကားရင့် တစ်ဖက်တစ်ပြန်စီးမှုကြောင့် အဖိုတစ်လှည့် အမတစ်လှည့် ဖြစ်နေရာကွင်းပေါ်တွင် ဖိနှိပ်ထားသော ပွတ်တံနှစ်ခုမှလည်း အဖိုတစ်လှည့် အမတစ်လှည့် ဖြစ်၍နေလေသည်။ ကွန်မြူတေတာကို သုံးစဉ်မှာလည်း ဤအတိုင်းပင်ဖြစ်သည်။ သို့သော် ကြေးဝါကွင်းကို အမြောင်းလိုက် စိတ်ထားသဖြင့် အမြောင်းတစ်ခုသည် အဖိုမှ အမသို့ဖြစ်စေ၊ အမမှ အဖိုသို့ဖြစ်စေ ပြောင်းလဲချိန်တွင် ပွတ်တံနှင့် လွတ်သွားလေသည်။ ထို့ကြောင့် ပွတ်တံတစ်ခုသည် အမြောင်းများတွင် ဓာတ်ဖိုပေါ်ချိန်၌သာ ပွတ်တိုက်မိ၍ ကျန်ပွတ်တံက ဓာတ်မပေါ်ချိန်၌သာ ပွတ်တိုက်မိသည့်အတိုင်း သွားပွတ်တံနှစ်ခုမှ ထွက်ပေါ်လာသော လျှပ်စစ်ကားရင့်သည် တစ်ဖက်သတ်စီး လျှပ်စစ်ကားရင့် ဖြစ်လေသည်။ ဒိုင်နမိုကိုများသောအားဖြင့် မီးသွေး မီး၊ ထင်းမီးတို့ဖြင့် ရေကိုဆူစေပြီးနောက် ရရှိအပ်သော ရေနွေးငွေ့အားဖြင့် လည်စေကြသည်။ သို့သော် ဤနည်းမှာ စရိတ်ကြီးလေးသဖြင့် အင်ဂျင်နီယာကြီး အချို့က လေအားကို အသုံးချနိုင်မည့်နည်းကို ရှာကြံလျက်ရှိကြသည်။ လက်ရှိ အပေါဆုံးနည်းမှာမူ ရေအားကို သုံးသည့်နည်းပင်ဖြစ်သည်။ ဤနည်းတွင် ရေစီးနေသောမြစ်ရေတံခွန်တို့မှ ရေကို စီးပြီးသော ဆည်မှတစ်ဆင့် ရေကိုအရှိန်ပြင်းစွာ ကျဆင်းစေကာ ရေရဟတ်ကို လည်စေသည်။ ထို့နောက် ရေရဟတ် မှတစ်ဆင့် ဒိုင်နမိုကို လည်စေပြန်သည်။ ကမ္ဘာပေါ်၌ ရေတံခွန်ကြီးများရှိရာ နိုင်ငံအသီးသီးတွင် ရေအားနှင့် မောင်းနှင်သည့် လျှပ်စစ်ဓာတ်အားပေးရုံကြီးများ မြောက်မြားစွာရှိကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း လောပိတရေအားလျှပ်စစ်စက်ရုံစီမံကိန်းကို ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ထိုစီမံကိန်းအောင်မြင်မှုသည် လျှပ်စစ်ဓာတ်အားကို သက်သာစွာနှင့် သုံးစွဲနိုင်ကြစေရန် အစပျိုးလိုက်ခြင်းပင်ဖြစ်ပေသည်။ ဒိုင်နမိုအပြင် ကျွန်ုပ်တို့နှင့် နီးစပ်၍ စက်ရုံ၊ မော်တော်ကားနှင့် အခြားစက်အမျိုးမျိုးတွင် အသုံးပြုထားသော လျှပ်စစ်မော်တာများ ဟူ၍လည်း ရှိသေးသည်။ ဒိုင်နမိုနှင့် မော်တာပြုလုပ်ထားပုံမှာ ဆင်တူ၍ သဘောတရားသာပြောင်းပြန်ဖြစ်သည်။ အဓိပ္ပာယ်မှာ ဒိုင်နမို၌ စက်လည်မှုကြောင့် လျှပ်စစ်ကားရင့်ဖြစ်ပေါ်လာ၍ မော်တာ၌မူ လျှပ်စစ်ကားရင့်ကြောင့် စက်လည်လေသည်။ မော်တာကို အသုံးပြုထားသော တွေ့နေကြ ကိရိယာတစ်ခုမှာ လျှပ်စစ်ပန်ကာဖြစ်၍ ဓာတ်ရထား၊ ထရော်လီ၊ ဓာတ်လှေကားများနှင့်တကွ ခေတ်ပေါ်မီးရထား၊ဂရမ်မိုဖုန်းဓာတ်စက်၊အပ်ချုပ်စက်စသည်တို့မှာလည်း မော်တာကို သုံးထားသည့် စက်ပစ္စည်းများပင် ဖြစ်လေသည်။ လျှပ်စစ်ဓာတ်ပညာတွင် အရေးကြီးသည့်ကိရိယာတစ်ခုရှိသေးသည်။ ထိုကိရိယာမှာ ထရန်စဖော်မာ(ဓာတ်အားပြောင်းကိရိယာ)ဖြစ်၍ ထိုကိရိယာကို လျှပ်စစ်ဓာတ်အား၏ ဗို့အားတိုးစေလို၊ လျှော့စေလိုသည့် နေရာမျိုးတွင် အသုံးချရလေသည်။ ဥပမာ- ဓာတ်အားပေးရုံမှ မူလထွက်ပေါ်လာသော ဓာတ်အားသည် ခရီးဝေးသွားရန် အားနည်းနေသည်ဆိုပါစို့။ ထိုအခါ အားကြီးစေမည့် ထရန်စဖော်မာကို သုံးခြင်းဖြင့် ဗို့အားကိုလိုသလို ကြီးလာနိုင်စေသည်။ တစ်ဖန် အားများလျက်ရှိသော ထိုဓာတ်ကြိုးမျိုးမှ အိမ်သုံးဓာတ်မီးကြိုးများသို့ ဆက်သွယ်လိုသောအခါ အားလျှော့ထရန်စဖော်မာကို သုံးရပြန်လေသည်။ ထရန်စဖော်မာကို ပြုလုပ်ထားပုံသဘောမှာ လျှပ်စစ်သံလိုက်ဓာတ်ဖြင့် လျှပ်စစ်ဓာတ်ကို ညှို့ယူဖြစ်ပေါ်စေသည့် သဘောပင်ဖြစ်သည်။ ထရန်စဖော်မာတွင် အလယ်ဗဟို၌ လျှပ်စစ်သံလိုက်တုံးတစ်ခုရှိ၍ ထိုလျှပ်စစ်သံလိုက်တုံးဘက်တွင် ပရိုင်မာရီ(မူလ)နှင့် စကင်ဒရီ(အညို့ခံ)နန်းကြိုးခွေနှစ်ခု ရှိသည်။ မူလနန်းကြိုးခွေတွင် လျှပ်စစ်ဓာတ်ကို ပြတ်တောင်းပြတ်တောင်းစီးဖြတ်စေသောအခါ လျှပ်စစ်သံလိုက်တုံးတွင်လည်း သံလိုက်ဓာတ်သည် ပြတ်တောင်းပြတ်တောင်း ဖြစ်ပေါ်သည်။ ထိုပြတ်တောင်းပြတ်တောင်းဖြစ်ပေါ်သော သံလိုက်ဓာတ်ကြောင့် အညို့ခံနန်းကြိုးခွေတွင်ရှိသော နန်းကြိုးရစ်၏ အရေအတွက်မှာ မူလနန်းကြိုးခွေတွင်ရှိသည့် မူလအရေအတွက်ထက်များပါက လျှပ်စစ်ဓာတ်ဗို့အားများလာ၍ နန်းကြိုးရစ်အရေအတွက်နည်းက ဗို့အားနည်းသွားသည့်အချက်မှာ မှတ်သားဖွယ်ကောင်းလှသည်။ ဥပမာ - မူလနန်းကြိုးခွေတွင် အရစ်ပေါင်း တစ်ရာရှိ၍ အညို့ခံနန်းကြိုးခွေတွင် အရစ်ပေါင်းတစ်ထောင်ရှိသည်ဆိုပါစို့။ အညို့ခံနန်းကြိုးခွေတွင် ပေါ်လာသော ဓာတ်အားသည် မူလနန်းကြိုးခွေရှိဓာတ်အားထက် ဆယ်ပြန်ကြီးလာလေသည်။ ထိုနည်းအတူပင် အကယ်၍ မူလဓာတ်ကြိုးကို အညို့ခံနန်းကြိုးခွေသို့ ဆက်ပေးမည်ဆိုပါက မူလနန်းကြိုးခွေတွင် ပေါ်လာသော ဓာတ်အားမှာ မူလအား၏ ဆယ်ပုံတစ်ပုံအထိ သေးငယ်သွားမည် ဖြစ်ပေသည်။ လျှပ်စစ်ဓာတ်ကို ပြတ်တောင်းပြတ်တောင်းစီးစေမည့်အစား တစ်ဖက်တစ်ပြန်စီးသည့် အေစီကားရင့်ကို သုံးလျှင်လည်း ရရှိသည့်အကျိုးမှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့်လည်း အေစီကားရင့်(ခေါ်)တစ်ဖက်တစ်ပြန်စီး လျှပ်စစ်ကားရင့်ကို ဒီစီကားရင့်(ခေါ်)တစ်ဖက်သတ်စီး လျှပ်စစ်ကားရင့်ထက်ပို၍ အသုံးများခြင်း ဖြစ်လေသည်။


ဖာရာဒေးတီထွင်ခဲ့သောပထမဆုံး ဒိုင်နမိုလျှပ်စစ်ထုတ်ကိရိယာ

အချုပ်အားဖြင့်ဆိုရပါလျှင် လျှပ်စစ်ထုတ်လုပ်မှု အခြေခံသဘောတရားများကို အခြေခံ၍ လျှပ်စစ်ဓာတ်အား မြောက်မြားစွာ ထုတ်ယူနိုင်မည့် နည်းလမ်းများကို ကမ္ဘာ့နိုင်ငံအများအပြား၌ စူးစမ်းရှာဖွေလျက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဓာတ်အားလိုအပ်ချက်များစွာ ရှိနေသေးသော နိုင်ငံဖြစ်သည့် အားလျော်စွာ မျိုးဆက်သစ်တို့အနေဖြင့် လျှပ်စစ်ထုတ်လုပ်ပုံ အခြေခံများကို ကောင်းစွာနားလည်သိရှိကြပြီး ဆက်လက်၍ နည်းလမ်းသစ်ဖြင့် လျှပ်စစ်ထုတ်ယူနိုင်ရေးကို ရှာဖွေစူးစမ်းလေ့လာသွားသင့်ကြပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**Ref; From Wikipedia**

မောင်မောင်စွယ်စုံထွန်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
# ပညာရေးဝန်ကြီးဌာန၊
# အဆင့်မြင့်ပညာဦးစီးဌာန၊
# ရတနာပုံတက္ကသိုလ်
# (၂၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၂၃-၂၀၂၄ နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် နေ့သင်တန်းမှ ဘွဲ့ရစာမေးပွဲ အသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုမရှိသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ **ဘွဲ့နှင်းသဘင်ပထမနေ့(၂-၁၁-၂၀၂၅) အစီအစဉ်**

**အပိုင်း(၁)- နံနက်ပိုင်း၊ နံနက်(၉:၀၀)နာရီ**

| ဘွဲ့အမည် | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဝိဇ္ဇာဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု<br>၂မဟာဥ-၃မှ ၂မဟာဥ-၆ထိ | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | အားကစားပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဒီပလိုမာဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | ၂၀၂၄-၂၀၂၅ |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု<br>၅ဥ-၁မှ ၅ဥ-၄၅ထိ | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | အားကစားပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |

၄။ **အပိုင်း(၂)- မွန်းလွဲပိုင်း၊ မွန်းလွဲ(၂:၀၀)နာရီ**

| ဘွဲ့အမည် | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု<br>၂မဟာဥ-၇ မှ ၂မဟာဥ-၁၂ထိ | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | အဏုဇီဝဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အရှေ့တိုင်းပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | အဏုဇီဝဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | အရှေ့တိုင်းပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု<br>၅ဥ-၄၇ မှ ၅ဥ-၁၀၇ထိ | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | အဏုဇီဝဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |

**ဘွဲ့နှင်းသဘင်ပထမနေ့(အပိုင်း-၁၊ အပိုင်း-၂)အတွက်အစမ်းလေ့ကျင့်ရက် (၁-၁၁-၂၀၂၅)**
**နံနက် (၉:၀၀)နာရီ**

၅။ **ဘွဲ့နှင်းသဘင်ဒုတိယနေ့(၃-၁၁-၂၀၂၅) အစီအစဉ်**

**အပိုင်း(၃)- နံနက်ပိုင်း၊ နံနက်(၉:၀၀)နာရီ**

| ဘွဲ့အမည် | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု<br>၂မဟာဥ-၁၃ မှ ၂မဟာဥ-၁၅ထိ | ၂၀၂၃-၂၀၂၄ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး | ၂၀၂၄-၂၀၂၅ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ကွန်ပျူတာသိပ္ပံအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြု<br>၅ဥ-၁၀၈ မှ ၅ဥ-၁၈၄၊ပြင်ပ ၅ဥ-၁ထိ | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ကွန်ပျူတာသိပ္ပံအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |

၆။ **အပိုင်း(၄)- မွန်းလွဲပိုင်း၊ မွန်းလွဲ(၂:၀၀)နာရီ**

| ဘွဲ့အမည် | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဝိဇ္ဇာဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာဝိဇ္ဇာဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| မဟာသိပ္ပံဘွဲ့ | ဇီဝဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်းအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဇီဝဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| ဝိဇ္ဇာဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |
| သိပ္ပံဘွဲ့ | ဇီဝဓာတုဗေဒအထူးပြုအားလုံး | ၂၀၂၃-၂၀၂၄ |

**ဘွဲ့နှင်းသဘင်ဒုတိယနေ့(အပိုင်း-၃၊ အပိုင်း-၄)အတွက်အစမ်းလေ့ကျင့်ရက် (၁-၁၁-၂၀၂၅)**
**မွန်းလွဲ (၂:၀၀)နာရီ**

၇။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာ တင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

| ဘွဲ့နှင်းသဘင်ကျင်းပရက် | တက်ရောက်ခွင့်ပြုလက်မှတ်၊ ဧည့်လက်မှတ်များနှင့် ဘွဲ့ဝတ်စုံထုတ်ပေးမည့်ရက် |
|---|---|
| ၂-၁၁-၂၀၂၅ | ၂၉-၁၀-၂၀၂၅ |
| ၃-၁၁-၂၀၂၅ | ၃၀-၁၀-၂၀၂၅ |

၈။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများအား မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

၉။ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရမည့် အဝေးသင်- သင်တန်းများအတွက် အစမ်းလေ့ကျင့်ရက်နှင့် ဘွဲ့အပ်နှင်းသည့်ရက်များကို ထပ်မံကြေညာပေးပါမည်။

အေးမိစံ
မော်ကွန်းထိန်း
ရတနာပုံတက္ကသိုလ်

## "Elegant Touch" အမှတ်တံဆိပ်အလှကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **Healthy Life Myanmar Company Limited** (၎င်း၏ကိုယ်စား ဒါရိုက်တာဦးဝေဖြိုးအောင်(ဘ)ဦးအောင်လွင်(၁၃/နစန(နိုင်)၀၃၆၆၆၃)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် လေးနက်စွာ သတိပေးကြေညာလိုက်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ တင်သွင်းဖြန့်ဖြူးလျက်ရှိသော **Elegant Touch** အမှတ်တံဆိပ်အလှကုန်ပစ္စည်းများသည် သုံးစွဲသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးပြည့်ဝမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အပြည့်အဝအာမခံနိုင်ရန် အောက်ပါအတိုင်း တိကျခိုင်မာသော အရည်အသွေးစံနှုန်းများကို အပြည့်အဝလိုက်နာဆောင်ရွက်ခဲ့ပါသည်။

(က) **<u>နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးအာမခံချက်များ။</u>** ထုတ်ကုန်အားလုံးသည် **Thai FDA၊ Myanmar FDA** နှင့် **Thai Halal Certificate** တို့ကို တရားဝင်ရရှိထားသောပစ္စည်းများ ဖြစ်ပါသည်။ အချို့ ထုတ်ကုန်များသည် ထိုင်းနိုင်ငံမှ အရေပြားအထူးကုဆရာဝန်ကြီးများ၏ စမ်းသပ်ထောက်ခံချက်ဖြစ်သော **Dermatologically Tested** လက်မှတ်ကိုပါ တရားဝင်ရရှိထားသောပစ္စည်းများ ဖြစ်ပါသည်။

(ခ) **<u>ကမ္ဘာ့အဆင့်မီ ထုတ်လုပ်မှု လုပ်ငန်းစဉ်။</u>** **Elegant Touch** ထုတ်ကုန်များကို ထုတ်လုပ်ပေးသော ကုမ္ပဏီများသည် **ISO, HACCP** နှင့် **Halal** လက်မှတ်များအပါအဝင် အခြားသော နိုင်ငံတကာအဆင့်မီ အရည်အသွေးဆိုင်ရာ လက်မှတ်ပေါင်းများစွာ ရရှိထားသည့် ကုမ္ပဏီကြီးများ ဖြစ်ပါသည်။

(ဂ) **<u>ဘက်စုံလွှမ်းခြုံသည့် စေ့စပ်သေချာသော စမ်းသပ်စစ်ဆေးမှုများ။</u>** ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီသည် ထုတ်ကုန်၏ ပါဝင်ပစ္စည်းများကိုသာမက ထည့်သွင်းအသုံးပြုသည့် ဘူးခွံများ၏ အရည်အသွေးနှင့် ဘေးကင်းမှုကိုပါ စမ်းသပ်စစ်ဆေးထားပြီး ထုတ်ကုန်နှင့် ဘူးခွံတို့၏ သဟဇာတဖြစ်မှုကိုပါ (**Compatibility Test**) အောင်မြင်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ဤသည်မှာ သုံးစွဲသူများ၏ ဘေးကင်းလုံခြုံမှုကို အမြင့်ဆုံးအဆင့်အထိ အလေးထားဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

၂။ **<u>သုံးစွဲသူအခွင့်အရေးနှင့်လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ကို လေးစားလိုက်နာမှု။</u>**

**Elegant Touch** ထုတ်ကုန်တိုင်းတွင် ပါဝင်ပစ္စည်း(**Ingredients**)များကို ဥပဒေနှင့်အညီ မှန်ကန်တိကျစွာ အပြည့်အစုံ ဖော်ပြထားသည့်အပြင် အသုံးပြုနည်းလမ်းညွှန်ကိုလည်း ရှင်းလင်းစွာ ထည့်သွင်းပေးထားပါသည်။ သို့ဖြစ်၍ သုံးစွဲသူများအနေဖြင့် မိမိနှင့်မတည့်သော ပါဝင်ပစ္စည်းများ ရှိ/မရှိ ကြိုတင်လေ့လာနိုင်ပြီး ဘေးဥပဒ်မဖြစ်စေရန် ကြိုတင်ကာကွယ်ရှောင်ရှားနိုင်ခွင့်ကို အပြည့်အဝရရှိစေပါသည်။ ထို့အပြင် တစ်ဆင့်ပြန်လည်ရောင်းချသူများအတွက်လည်း အကြောင်းအမျိုးမျိုးကြောင့် မရောင်းချဖြစ်ပါက ပစ္စည်းပြန်လည်လက်ခံ၍ **'အရှုံးမရှိသော စီးပွားရေး'** အဖြစ် ဝယ်ယူငွေအပြည့်ပြန်အမ်းပေးသည့်စနစ်ဖြင့် ကျင့်ဝတ်သိက္ခာကို အခြေခံ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

**၃။ <u>ဥပဒေအရ ကာကွယ်ထားသော အခွင့်အရေး။</u>** အထက်ဖော်ပြပါ အရည်အသွေးအာမခံချက်များနှင့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်များကြောင့် Elegant Touch အမှတ်တံဆိပ်သည် သုံးစွဲသူများအကြား ယုံကြည်မှုနှင့်အတူ ကောင်းမွန်သော ဂုဏ်သတင်း(Goodwill & Reputation)ကို တည်ဆောက်ထားနိုင်ပြီး ဖြစ်ပါသည်။ ဤဂုဏ်သတင်းသည် ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီပိုင်ဆိုင်သော တန်ဖိုးရှိသည့် ပိုင်ဆိုင်မှုတစ်ရပ်ဖြစ်ပြီး ၎င်းကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများက အပြည့်အဝ အကာအကွယ်ပေးထားပါသည်။

၄။ သို့ဖြစ်ပါ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ သို့မဟုတ် မည်သည့်အဖွဲ့အစည်းကမျှ Elegant Touch အမှတ်တံဆိပ်ထုတ်ကုန်များနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြပါရန် ဤကြေညာချက်ဖြင့် အတိအလင်းတားမြစ်သည်-

**(က) မဟုတ်မမှန် လုပ်ကြံဖန်တီးထားသော သတင်းအချက်အလက်များကို ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊**

**(ခ) သုံးစွဲသူများအား စိတ်အနှောင့်အယှက်ဖြစ်စေပြီး ထုတ်ကုန်အပေါ် ယုံကြည်မှုကို ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ခြင်း၊**

**(ဂ) Elegant Touch အမှတ်တံဆိပ်(သို့မဟုတ်)Healthy Life Myanmar Company Limited ၏ စီးပွားရေးဆိုင်ရာ ဂုဏ်သိက္ခာကို တစ်စုံတစ်ရာ ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် Online (လူမှု ကွန်ရက်စာမျက်နှာများ)နှင့် Offline (လူကိုယ်တိုင်)တွင် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ကြေညာခြင်း။**

အထက်ပါ တားမြစ်ချက်များကို လိုက်နာရန်ပျက်ကွက်ပြီး ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီနှင့် ၎င်း၏ Elegant Touch အမှတ်တံဆိပ်ထုတ်ကုန်များအပေါ် ဆက်လက်ထိပါးနှောင့်ယှက်မှုများ ပြုလုပ်နေကြောင်း ခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ စိစစ်တွေ့ရှိရပါက ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းနှင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့်ဖြစ်စေ ဥပဒေနှင့်အညီ အထိရောက်ဆုံး အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့ရပါက တရားစရိတ်နှင့်တကွ စရိတ်အားလုံးတို့ကို ကျူးလွန်သူများအပေါ် အပြည့်အဝ တာဝန်ထားရှိစေမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၇-က)၊ ဦးပိုင်အမှတ်(၁၀) အတွင်းမှ အလယ်ခြမ်းဧရိယာ အရှေ့-အနောက်(၁၄)ပေ၊ တောင်-မြောက်(၅၀)ပေ အကျယ်အဝန်းရှိ ဦးထွန်းထွန်းမာ ပါ-၂ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အဦး၊ ရေ+မီးမီတာအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံး တို့ကို တရားဝင်လက်ရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထွန်းထွန်းမာ(ဘ)ဦးအေးမောင်(၉/မရတ(နိုင်)၀၁၅၃၅၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| **ဒေါ်ဝင်းထက်ထက်လှိုင်(ဘ)ဦးတင်မောင်ဝင်း** | **ဦးသက်ထွန်းဦး (LL.B)** |
| **(၉/မဟမ(နိုင်)၀၃၈၃၀၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၈၃၂၈)** |
| | **ဖုန်း ၀၉-၇၉၇၂၅၃၁၄၅** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၈)၊ ဦးပိုင်နံပါတ်(၅၂-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးအောင်မိုးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မာလာတင်(ဘ)ဦးညွန့်တင်(၉/မရတ(နိုင်)၀၇၅၉၂၉)နှင့် ဒေါ်သီတာတင်(ဘ)ဦးညွန့်တင်(၉/မရမ(နိုင်)၀၀၇၀၀၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)** | **ဒေါ်အေးနန္ဒာထွန်း(LL.B)** | **ဒေါ်မာလာခိုး(LL.B)** | **ဒေါ်ဖူးသန့်မွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ပြင်ဆင်ဖတ်ရှုပါရန်

(၈-၈-၂၀၂၅)ရက်နေ့၊ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၃)ပါ အများသိစေရန် ကြေညာခြင်းတွင် အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်(၃၈)အစား၊ အကွက်အမှတ်(ဆဆ-၁၂)၊ ဦးပိုင်(၃၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

